# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၃) ရက် ၊ တနင်္လာနေ့ ၊ (23-1-2023) ၊ အတွဲ (၃၁)၊ အမှတ် (၂၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့ မရမ်းချောင်ကျေးရွာ၊ စပါးရိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရောဝတီတိုင်းဒေသကြီး ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် **စာမျက်နှာ ၁၇ ကော်လံ ၂** ☞

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ပျံသန်းပြေးဆွဲသည့် Ruili လေကြောင်းလိုင်းမှ မန္တလေး-မန်စီ-မန္တလေး ခရီးစဉ်လေယာဉ်ဖြင့် လိုက်ပါလာသော ခရီးသွားဧည့်သည်များကို ကြိုဆို

**မန္တလေး ဇန်နဝါရီ ၂၂**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့သော Ruili လေကြောင်းလိုင်း၏ မန္တလေး-မန်စီ-မန္တလေး (DR-503)ခရီးစဉ်သည် ယမန်နေ့တွင် ယူနန်ပြည်နယ် မန်စီမြို့မှ မန္တလေးမြို့သို့ ပထမဆုံးသော ခရီးစဉ်အဖြစ် ပြန်လည်ပြေးဆွဲခဲ့ကာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် တရုတ်နိုင်ငံသား ၂၆ ဦး၊ မြန်မာနိုင်ငံသား နှစ်ဦး စုစုပေါင်း ၂၈ ဦး **စာမျက်နှာ ၁၆ ကော်လံ ၁** ☐






ရတနာပုံ

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်

အယ်ဒီတာ့အာဘော်

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် နိုင်ငံ့အကျိုးစီးပွားအတွက်

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် စီးပွားရေးဦးတည်ချက်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ကိုင်ကြရာတွင် မိမိအကျိုးစီးပွားသက်သက်ကိုသာ ရှေးရှု၍ နိုင်ငံနှင့်ပြည်သူအတွက် မငဲ့ကွက်ဘဲ တရားမဝင်နည်းလမ်းများကိုအသုံးပြုကာ ကိုယ်ကျိုးရှာလာပါက အဆိုပါလုပ်ဆောင်ချက်များကို လျော့နည်းကျဆင်းစေရန်နှင့်ပပျောက်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ခြင်းပင်ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုဖြစ်ရခြင်း အကြောင်းရင်းများစွာရှိသည့်အနက် အခြေခံကျသောအကြောင်းရင်းများဖြစ်သည့် အစိုးရမူဝါဒ **(Government Policy)**၊ ရောင်းလိုအားနှင့် ဝယ်လိုအား **(Supply and Demand)**၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု **(Transparency and Trade)**၊ အကောက်ခွန်လုပ်ငန်းဝန်းကျင် **(Customs Environment)** စသည့်အချက်များနှင့် တိုင်းတာသည်ကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့က သတ်မှတ်ထားကြောင်း တွေ့ရသည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆောင်ရွက်ကြရာတွင် တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုများကို လွယ်ကူစွာချောမွေ့အောင် ဆောင်ရွက်ပေးရန်လိုအပ်ပြီး အခြားတစ်ဖက်တွင် တရားမဝင်ထွက်ပေါက်များ အသုံးပြုရှောင်ကွင်းမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးပြီး ပြတ်ပြတ်သားသား အရေးယူသွားရန်လိုအပ်သည်။ တရားမဝင်ကုန်သွယ်မှုများကို အခကြေးငွေရယူပြီး လက်ခံဆောင်ရွက်ပေးနေသည့် တရားမဝင်ဂိတ်များကို လျှော့ချဖျက်သိမ်း၍ တရားဝင် ဝင်ပေါက်၊ ထွက်ပေါက်များကို ပိုမိုတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုမှ အခွန်အခနှင့်ဝင်ငွေပိုမိုရရှိကာ လိုအပ်သောနိုင်ငံ့ဘဏ္ဍာကို ဖြည့်တင်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက် (၃) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ခြင်းဖြင့် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်လာအောင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ အမှန်တကယ်ရရှိရေး အထူးလိုအပ်လှသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အခွန်အကောက်များ လျော့ပါးဆုံးရှုံးပါက နိုင်ငံတော်အတွက်သာမက ပြည်သူများအတွက်ပါ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပေမည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများပပျောက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တာဝန်သိစိတ်၊ ကုန်သွယ်လုပ်ငန်းရှင်များ လမ်းကြောင်းမှန်ပေါ်မှ ကုန်စည်ကူးသန်းမှုသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးကြရန်နှင့် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်နှင့်ပြည်သူတို့ ထိခိုက်ဆုံးရှုံးမှုများကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိရေးတို့ကို နိုင်ငံတော်၏ အကျိုးစီးပွားအတွက် စေတနာရှေ့ထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၆၃၉၁၆၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင် ကျောင်းပိတ်ရက်လဲဖြစ်၊ ရုံးပိတ်ရက်လဲဖြစ်တော့ လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ မြတိုက်ကသမိုင်းဝင်ပြခန်းတွေကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာ ကျွေးကြပါတယ်။ ရှခင်းကောင်းတဲ့ နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်တွေဆို ဘုရားဖူးဦးရေများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၆၃၅၁၂၆ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၀၁၅ ဦး လာရောက် ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၀၂၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေးမြို့တွင်း လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည် တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးမြို့တွင်း ဈေးချို၊ မန္တလေးတောင်၊ ရန်ကင်းတောင် စသည့်လမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည် တစ်ရက်လျှင်ဦးရေ ၆၀၀ ကျော်ထိရှိလာကြောင်း အမှတ်(၁)၊ (၂)၊ (၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ဈေးချို၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ်(၁)၊ (၂)၊ (၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည်မှာ ဇန်နဝါရီလပထမပတ်က တစ်ရက်လျှင်ဦးရေ ၄၅၀ ကျော်သာ ရှိခဲ့သော်လည်း ဇန်နဝါရီ ၂၀ ရက်မှစ၍ လိုက်ပါစီးနင်းသည့်ခရီးသည်မှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"မန္တလေးမြို့မှာက လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းမှုအများဆုံးကတော့ အခြေခံလူတန်းစားတွေအများဆုံးပါ။ မန္တလေးမြို့တွင်း အရောင်းအဝယ်ကိစ္စတွေ၊ ဆေးရုံ၊ ဆေးခန်း စတဲ့ကိစ္စတွေအပါအဝင် အခြားလူမှုရေး၊ စီးပွားရေးနဲ့ ကျန်းမာရေးကိစ္စတွေအတွက် လိုင်းကားတွေနဲ့ သွားလာတဲ့ခရီးသွားတွေအခု ဇန်နဝါရီလကစပြီး တော်တော်လေးများလာတယ်။ အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှု အများဆုံးလမ်းကြောင်းကတော့ ဈေးအရောင်းအဝယ်ကိစ္စနဲ့ ဈေးချိုဘက်ကိုလိုက်ပါစီးနင်းတဲ့ခရီးသွားတွေနဲ့ မန္တလေးတောင်ကို ဘုရားဖူးသွားတဲ့ ခရီးသည်တွေ လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကျတော့လဲ ဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲလိုက်ပါစီးနင်းမှုတွေ ရှိပါတယ်"ဟု ဦးမြငွေက ပြောပြ၍ သိရသည်။ (၁၈၄)

## ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ်ပုံမှန်ရှိပြီး ကမ္ဘာ့ရွှေဈေးကွက်တွင် ဈေးနှုန်းအတက်ဘက်သို့ရောက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ် ပုံမှန်အခြေအနေသာရှိပြီး ကမ္ဘာ့ရွှေဈေးကွက်တွင် ဈေးနှုန်းအတက်ဘက်သို့ ရောက်ရှိခဲ့ကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၀ ဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၉၃၆ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၀၈ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၉၂၆ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ဈေးကွက်က အခုချိန်ထိ ငြိမ်နေတယ်။ အရောင်းအဝယ်လဲ ပုံမှန်အနေအထားမှာပဲရှိနေတယ်။ လက်ရှိအခြေအနေတွေအရတော့ အကျဘက်ထက် အတက်ဘက်ကို ရောက်နိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ဇန်နဝါရီ ၁၅ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၉၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၂၁ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၆ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၅ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်မဲခရိုင်အတွင်းရှိ မန်တုံ-နမ့်ဆန်လမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့်လမ်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်မဲ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် လမ်းဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃၃ သန်းဖြင့် ကျောက်မဲခရိုင်အတွင်းရှိ မန်တုံ-နမ့်ဆန်လမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်သူရနှင့် တာဝန်ရှိသူများက မန်တုံ-နမ့်ဆန်လမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအပါအဝင် Box Culvert တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်း၊ ကတ္တရာလမ်းပေါက်များဖာထေးခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူရက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်မဲခရိုင်အတွင်းရှိ မန်တုံ-နမ့်ဆန်လမ်းတွင် မိုင်တိုင်အမှတ်(၀/၀)မှ (၀/၄)ထိ အရှည် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ မိုင်တိုင်အမှတ်(၃၂/၁)မှ (၃၂/၄)ထိ အရှည်သုံးဖာလုံ၊ အကျယ် ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်း၊ RC Box Culvertသုံးစင်းတည်ဆောက်ခြင်း၊ မိုင်တိုင်အမှတ် (၁၈/၀)မှ(၁၉/၀)အတွင်း အရှည်ပေ ၁၀၀၀ ကျောက်စီရေမြောင်းပြုလုပ်ခြင်း၊ မိုင်တိုင်အမှတ်(၂၅/၀)မှ(၃၀/၀)ထိ အရှည် ငါးမိုင် ကတ္တရာလမ်းပေါက်ဖာထေးခြင်း၊ မိုင်တိုင်အမှတ်(၁၂/၄)မှ (၃၄/၀)အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မန်တုံမြို့နယ်နှင့် နမ့်ဆန်မြို့နယ် လမ်းဦးစီးဌာနတို့က ၂၀၂၂ ခုနှစ် ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မဲခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူရက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက ဦးလေဝရှော၊ ဒေါ်ချစ်၊ ဦးရန်ရှော်ချင်၊ ဒေါ်ရှင်လု၊ ဦးကျော်ရှိန်တို့အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၂၄၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၂၄၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၂၄၁၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဆောင်းနှမ်း ၂၄၁၁ ဧက စိုက်ပျိုးဖို့လျာထားတာ။ ၂၀၂၂ ခုနှစ် အောက်တိုဘာလက စပြီး စိုက်ပျိုးနေကြတယ်။ ဒီနေ့ထိ ၂၄၂၂ ဧကစိုက်ပျိုးပြီးစီးနေပြီ။ ဆောင်းနှမ်းလျာထားဧကထက် ပိုပြီး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းနှမ်းစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

တမူးခရိုင်တွင် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၆၈၂ ဧက၊ တမူးမြို့နယ်တွင် ၃၅၅ ဧက၊ ခမ်းပါတ်မြို့တွင် ၃၈၅ ဧက စုစုပေါင်း ၂၄၂၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကွတ်ခိုင်မြို့နယ် နောင်လောက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နောင်လောက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နောင်လောက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်နှင့်ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကွတ်ခိုင်မြို့နယ် နောင်လောက်ကျေးရွာ၌ အရှည်နှစ်မိုင် ငါးဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၆၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြန်မာရွှေရောင်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် နောင်လောက်ကျေးရွာရှိ အိမ်ခြေ ၆၀၊ လူဦးရေ ၂၈၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ပြောပြ၍ သိရသည်။

**မြတ်ဆု**

# တောင်ကြီးမြို့နယ် ဥမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**တောင်ကြီး ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ တောင်လေးလုံးကျေးရွာအုပ်စု ဥမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဥမှင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥမှင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာယူနစ် ၇၈ ယူနစ်၊ ကျေးရွာပေါင်း ၈၂ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**



# မိဘအဖြစ်က နုတ်ထွက်လို့မရ

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ထင်ရှားကျော်ကြားသောစာအုပ်တစ်အုပ်ထဲက စာမျက်နှာအနည်းငယ်ကို ကောက်နုတ်ဖော်ပြလျက် စာဖတ်သူအတွက် တစ်စုံတစ်ရာသောခံစားမှုနှင့် အတွေးမျှင်လေးရလေမလားဟု မေးချင်မိသည်။

**ဆူးကလေးတစ်မွှင်**

ကျွန်ုပ်၏ တတိယရည်ရွယ်ချက်မှာမူကား ကျွန်ုပ်၏ အသည်းနှလုံးအတွင်းဆုံးပိုင်း၌ ကနုကမာတွင် ပုလဲလုံးသန္ဓေဝင်သလို နက်ရှိုင်းလှစွာသောနေရာတွင် မေ့ပျောက်နေမတတ် မှုန်မွှားမွှားမျှသာရှိသော ရည်ရွယ်ချက်ဖြစ်၏။ ထိုရည်ရွယ်ချက်သည် ပထမနှင့် ဒုတိယ ရည်ရွယ်ချက်များကဲ့သို့ သတ်သတ်ထား၍ အတွေးအခေါ်ဖြင့် မြေတောင်မြှောက်ပေးကာ ရင်သန်ခိုင်မြဲလာခဲ့သော ရည်ရွယ်ချက်မျိုးမဟုတ်။ ယခုခေတ်အခါဖြင့် ကွန်ပလက်ဟုခေါ်သည့် ငုပ်စိတ်ကလေးသာဖြစ်၏။ ငုပ်စိတ်ဆိုသည်မှာ စိတ္တဇနာမျိုးဖြစ်ရာ ဓားခုတ်၊ တုတ်ရိုက်၊ သွေးစုနာတို့ကဲ့သို့ အနာလုံးထင်ရှားသည်မဟုတ်။ ဖူးရောင်အိုင်းကျအနာဝဖြင့် ပြည်ထည့်သော အနာလည်းမဟုတ်၊ နှလုံးသွေးစက်ကလေး တပေါက်ပေါက်ဟာသဝတ္ထု၌အကျတွင် လျှပ်ခနဲ လျှပ်ခနဲပေါ်လာသော စိတ်တံလျှပ်၌ မည်းပြောက်ကလေး စွန်းသည့်ပမာ၊ သာမန်ဦးနှောက်၏အတွေးဖြင့် လက်လှမ်းမမီနိုင်သော ချောင်ကြိုချောင်ကြား၌ ဆူးကလေးတစ်မွှင်ဝင်၍ နေသလိုသာ ဒုက္ခပေးတတ်သော အနာမကျက်နိုင်သည့်စိတ် အမာရွတ်ကလေးတစ်ခုသာ ဖြစ်ပေသည်။

ထိုငုပ်စိတ်ကလေးမှာ စိတ်ကြေးမုံ၌ပင် မထင်ရှားသို့သော်ရှိကားရှိ၏။ ပျောက်ပျောက်ကျစ်ရန်လည်း အလွန်ခဲယဉ်း၏။ ဒေါသကဲ့သို့ ပေါက်ကွဲခြင်းလည်းမရှိ၊ မာယာကဲ့သို့ စဉ်းလဲခြင်းလည်းမရှိ။ သို့သော် ဤငုပ်စိတ်ကလေးသည် အပေါ်ယံက ကျက်သော်လည်း အတွင်းပိုင်း၌ မကျက်သေးသော စိတ်အမာရွတ်ကလေးဖြစ်သည့်အလျောက် ထိမိလျှင် ဆတ်ဆတ်ခါမျှ နာကြည်းစေတတ်သော နုနယ်လှသည့်သဘောကလေး တစ်မျိုးပင်ဖြစ်ပေတော့သည်။

ထိုသဘောကလေးကို ထိမိလျှင် ဒေါသ၊ မာယာ၊ မာနတို့သည် စိတ်၌တုံးခနဲ တက်ကြွလာတတ်၏။ ကျွန်ုပ်ကား စိတ်ပညာဆရာ မဟုတ်၍လည်းကောင်း၊ စာရေးဆရာ မဟုတ်၍လည်းကောင်း ကျွန်ုပ်၏ရင်ထဲ၌ အမှောင်ဆုံးထောင့်ကြားတွင် ခိုဝင်နေသောထိုသဘောကလေးကို ယခုထက် ရှင်းလင်းအောင်ကား ရေးသားဖော်ပြခြင်းငှာ မစွမ်းနိုင်တော့ပါ။ သို့သော်-

ထိုငုပ်စိတ်ကလေး အခြေခံလျက် အမြဲရှိသောကြောင့်ပင် ကျွန်ုပ်မိခင်၏ဖြစ်အင်ကို ပြန်ပြောင်း၍ တွေးလိုက်မိတိုင်း ကျွန်ုပ်တွင် ကျွန်ုပ်၏မိခင်အပေါ်၌ မငဲ့မကွက် ရက်ရက်စက်စက်ကြီး မညှာမတာ စွန့်ခွာထားခဲ့သော ကျွန်ုပ်၏ အဘိုးအပေါ်တွင် စိတ်အနာကြီးနာလျက် လက်စားချေချင်သော အာရုံကလေးသည် မကြာခဏပေါ်လာတတ်၏။ ရှေ့၌ ရေးခဲ့သည့်အတိုင်း ကျွန်ုပ်၏မိခင်သည် အချစ်ကိုအထွတ်အမြတ်ပြုအားကြီးခဲ့သည်။ ထို့ကြောင့်ပင် အမှားကြီးမှားခဲ့၏။ သို့သော် ဤကဲ့သို့ အမှားကြီးမှားရှာသော သမီးထွေးကလေးကို ဆင်းရဲဒုက္ခတွင်းကျဆုံး၍ နေရရှာသော အခါသို့တိုင်အောင်ပင် ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍ အမှတ်မထားနိုင်ဘဲ စိမ်းကားလွန်းမက စိမ်းကားလှသော ကျွန်ုပ်၏အဘိုးသည် အဓိုက်ကြီးမိုက်သည်ဟု ကျွန်ုပ်ယူဆ၏။ တစ်ဖန် ကျွန်ုပ်မိခင်သည် ကျွန်ုပ်ကို ဖွားမြင်သောအခါ၌ အဘိုးကိုသာလျှင် အားကိုးရာရှိသည့်အလျောက် အဘိုးရှိရာသို့သွားရောက်၍ ခြေထောက်ကို ဆံပင်ဖြင့်ပွတ်ကာ ရှိခိုးတောင်းပန်အသနားခံခဲ့ရှာပေသည်။

ဤတွင်လည်း ကျွန်ုပ်၏အဘိုးသည် ချစ်လှစွာသော သမီးထွေးကလေးမှ ခိုးရာမလိုက်ခင်က ရွှေပေါ်မြတင်သဲလဲစင် ဖူးဖူးမှုတ်ထားခဲ့ပါလျက်နှင့် ကျွန်ုပ်မိခင်၏ အသနားခံချက်ကို နားမျှမဝင်၊ ပြင်ပြင်ကြီး ရက်စက်ခဲ့၏။ ထို့ကြောင့်လည်း မိုက်သည်ဟု ကျွန်ုပ်ယူဆ၏။ ကျွန်ုပ်ကို သူစိမ်းတစ်ရံဆံ၏ သားကလေး ထင်စဉ် ခဏ၌ပွေ့ယူမြှောက်ချီ၍ ထားနိုင်ပါလျက် အဘိုးသည် ကျွန်ုပ်ကို သူ၏သွေးရင်းခေါက်ခေါက် မျိုးညှောက် မြေးဦးကလေးဖြစ်မှန်းသိသည်နှင့် တစ်ပြိုင်နက် သူ၏ပေါင်ပေါ်မှတွန်းဖယ်၍ချကာ ရက်စက်နိုင်အားလေသည်မှာလည်း တွေးလေတိုင်းနာကြည်း ဆွေးမြေ့ဖွယ်ရာ ဖြစ်နေပေ၏။ ကျွန်ုပ်၏ ရင်ဝယ်ရှိသော ငုပ်စိတ်သည် ထိုသို့ တွန်းဖယ်၍ အချခံရသော လက်ဖျစ်တစ်ကွက် ကာလကလေး၌ အမြစ်တွယ်လိုက်လေသလားမသိ။

ထားဦးလော့။ ကျွန်ုပ်၏မိခင်ကို မိဘမျက်နှာအိုးမဲသုတ်ရပါမည်လား၊ အရှက်ခွဲရပါမည်လားဟူသော ပြစ်တင်ချက်ဖြင့် အိမ်သို့ အဝင်၊ အထွက် လက်မခံလိုပါလျှင်လည်း ရှိပါစေတော့။ သို့သော် သားကလေးတစ်ကောင်တိုးလိုးတွဲလဲနှင့် ကောင်းလှသောဘဝဖြင့် မဟာတမဒုက္ခကြီးကျ၍ နေရသည်ကိုယုတ်စွအဆုံး မကောင်းတတ်သောအနေဖြင့် ဖြစ်စေ ငွေကလေး၊ ကြေးကလေးအစ ရပ်ဝေးမှ ထောက်သင့်ကြပါ၏။ ဤသို့လည်း မထောက်ခဲ့။ "မိဘစကား နားမထောင်၊ သားတစ်ကောင်နှင့် တိုးလိုးတွဲလဲ"ဟူ၍ ပါးစပ်ကဆိုကောင်းအောင် ရှေးဟောင်းကဗျာဆရာတို့ အစပ်ကောင်းခဲ့ကြသည့်တိုင် သူတို့၏ကဗျာ၌ပါသော မိဘဆိုသည့်စကားအရ မိဘသည် မိဘအဖြစ်မှ နုတ်ထွက်၍မရ၊ ရှောင်လွှဲ၍မရ၊ ပုတ္တဒါရသကို မလွှတ်ကင်းနိုင်ပါလျက် ရက်စက်စွာ ပစ်စလက်ခတ် ထားနိုင်ကြသည်မှာ တောင်းဆိုးပလုံးဆိုးကိုသာ စွန့်နိုင်သည်။ သားဆိုး၊ သမီးဆိုးကို မစွန့်နိုင်ဟူသော ရှေးဆရာတို့၏စကားနှင့်လည်း ဖီလာကြီးဖြစ်၍ နေပါလေသေးသည်။ တိုးလိုးတွဲလဲ ငယ်နှောင်းသော သားကလေးမှာလည်း စင်စစ်မိမိ၏ ရင်နှစ်မြေးကလေးပင် ဖြစ်ပေရာ မိခင်၏အမှားကို သားကလေးပါ လုံးပါးပါးရအောင် ခံခိုင်းသလို ရှိနေခဲ့သည်မှာကား မတရားနိုင်လှသည်ဟု ထင်ခဲ့ပေသည်။

ဒီတစ်ခါလည်း ထားလိုက်ဦးတော့။ မိဘသိုက်မြုံကို ခြေစုံကန်၍ထွက်သွားသော သမီးကို အဝေးအရပ်တစ်ပါးမှ မကြည့်မရှုလိုသည်ကို ထားလိုက်ပါဦးတော့။ ကျွန်ုပ်၏မိခင်က ကျွန်ုပ်ကို ရှင်ပြုရာတွင် အဘိုးနှင့်ဦးလေးတို့အား ဖိတ်ခေါ်ရာ၌ မလာကြဟုဆိုလျှင် နားလည်နိုင်ပါသေး၏။ ယခုမူ သာရေးမဟုတ် နာရေးကြီးဖြစ်၏။ နာရေးမျှမကသေး၊ သေရမည့် ဘေးကြီးဆိုက်နေသောအခါလည်းဖြစ်၏။ ကျွန်ုပ်၏မိခင် သေငယ်ဇောနှင့် မြောနေသည့်အခါသို့တိုင်အောင်ပင် လာ၍ မကြည့်ခဲ့ကြ။ လူကိုယ်တိုင်မလာလိုက ထားလိုက်ပါဦးတော့။ ကျွန်ုပ်ကား အစွမ်းကုန်ပါ စာနာပေး၍ တွေးပါ၏။ လူကိုယ်တိုင်မလာလိုလျှင် ရှိပါဦးတော့။ နေ့လား၊ ညလား ဖြစ်နေရသည့်အချိန်မျိုး၌ အဝေးကနေ၍ ဆေးဝါးကုသရန် ငွေကြေးဖွင့်လှစ်စွာ ပံ့ပိုးသင့်ကြပါ၏။ ကျွန်ုပ်၏အဘိုးသည် သူ့တစ်သက်တွင် ရောက်ဖူးဖို့ထားဘိဦး။ မြင်ဖူးရုံမျှပင် မြင်ဖူးဖို့လမ်းမရှိသော နိုင်ငံခြားက အနုရုံများသို့ပင် အလှူငွေများ ထောင်နှင့်သောင်းနှင့် လှူဒါန်းခဲ့ဖူးပါ၏။ နောက်မှသိရ၏။

> ❖ ကျွန်ုပ်၏အဘိုးသည် သူ့တစ်သက်တွင် ရောက်ဖူးဖို့ထားဘိဦး။ မြင်ဖူးရုံမျှပင် မြင်ဖူးဖို့လမ်းမရှိသော နိုင်ငံခြားက အနုရုံများသို့ပင် အလှူငွေများ ထောင်နှင့်သောင်းနှင့် လှူဒါန်းခဲ့ဖူးပါ၏။ နောက်မှသိရ၏။ သို့စဉ်ပါလျက်နှင့် ကိုယ့်သမီးအရင်းခေါက်ခေါက် အသက်ပျောက်ခါနီးနေသည်ကိုပင် ဆေးဝါးကုသနိုင်ခွင့်ရစေရန် ငွေကြေးဖြင့် မကူညီငှာသေး တစ်ရပ်လုံးဝိုင်း၍ပြောသောအခါမှ သမီး၏မျက်နှာကို ထောက်၍မဟုတ်၊ အရပ်၏မျက်နှာကိုထောက်၍ အားနာပါးနာ မသဒ္ဓါရေစာ ငွေကလေးတစ်ရာကို ပို့လိုက်၏။ ငွေတစ်ရာမှာကား အဘိုး၏ပစ္စည်းထုထည်နှင့်စာ၍ကြည့်ပါလျှင် သောင်းဝင်စပါးစည်မှ စာကလေးတစ်ကောင် စားသောက်သော စပါးစေ့မျှသာရှိပါလိမ့်မည်။ ❖

သို့စဉ်ပါလျက်နှင့် ကိုယ့်သမီးအရင်းခေါက်ခေါက် အသက်ပျောက်ခါနီးနေသည်ကိုပင် ဆေးဝါးကုသနိုင်ခွင့်ရစေရန် ငွေကြေးဖြင့် မကူညီငှာသေး တစ်ရပ်လုံး ဝိုင်း၍ပြောသောအခါမှ သမီး၏မျက်နှာကို ထောက်၍ မဟုတ်၊ အရပ်၏မျက်နှာကိုထောက်၍ အားနာပါးနာ မသဒ္ဓါရေစာ ငွေကလေးတစ်ရာကို ပို့လိုက်၏။ ငွေတစ်ရာမှာကား အဘိုး၏ပစ္စည်းထုထည်နှင့်စာ၍ကြည့်ပါလျှင် သောင်းဝင်စပါးစည်မှ စာကလေးတစ်ကောင် စားသောက်သော စပါးစေ့မျှသာရှိပါလိမ့်မည်။ သို့စဉ်လျက် ထိုငွေကလေး တစ်ရာပေးမည့်အရေး သတင်းပို့လာသူကို အတွေ့မခံလိုဘဲ အိမ်လေးဆွဲ၍ နေကြသဖြင့် ငွေအရောက်နှောင်းကာ ကျွန်ုပ်၏မိခင်မှာသာလျှင် ရေတိမ်တွင်နစ်၍ လူညွှန့်တုံးသောဘဝဖြင့် လူဖြစ်ရှုံးကာ ဇာတ်ဆုံးသတ်၍ သွားရရှာပေသည်။

**ဆရာတင်တယ်(၁၉၁၆-၁၉၈၀)၏ "ကမ္ဘာ့ပလ" ဝတ္ထု (၁၉၅၁ ခုနှစ်)မှ**

**နိဂုံး**

ဆရာတင်တယ်၏ အလွန်ထင်ရှားလှ၍ လူကြိုက်များခဲ့သော ၁၉၅၁ ခုနှစ်က ဝတ္ထုရှည်တစ်ပုဒ်သည် ၁၉၆၅ ခုနှစ် မိမိအထက်တန်းကျောင်းသားဘဝတွင် ဖတ်ရသောအခါ စိတ်လှုပ်ရှားအံ့ဩခြင်းနှင့်အတူ **ကိုယ်ပြုသည့်ကံ ပဲ့တင်သံကိုယ်ထံပြန်လာမြဲသဘောသဘာဝ** ကို သံမှိုစွဲသကဲ့သို့ နားလည်သဘောပေါက်သွားခဲ့မိပါ၏။ ထို့ကြောင့် ၁၉၉၆ ခုနှစ် မိမိမြဝတီစာပေတိုက် စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူဖြစ်သောအခါ ထိုကမ္ဘာ့ပလဝတ္ထုကို အဖုံးပန်းချီ ဦးစံတိုးထံအပ်နှံရေးဆွဲစေပြီး အုပ်ရေ ၅၀၀၀ ပုံနှိပ်ထုတ်ဝေခဲ့သည်။ နောင်လည်း ရာပြည့်စာပေ၊ စိတ်ကူးချိုချိုစာပေတို့က ထပ်မံရိုက်နှိပ်ပါသေးသည်။ လူငယ်စာဖတ်သူများသည် ဤကဲ့သို့ ရသမြောက်လှသော စာကောင်းပေကောင်းတို့နှင့် ကံကောင်းထောက်မစွာ တွေ့ကြုံဆုံစည်းကြစေလိုပါသည်။

# မိုးညှင်းမြို့နယ် လုံးစန့်ကျေးရွာ၌ သဲကျောက်ခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုးညှင်း ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် လုံးစန့်ကျေးရွာ၌ သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လုံးစန့်ကျေးရွာ၌ သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လုံးစန့်ကျေးရွာ၌ လမ်းအရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၇၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် လုံးစန့်ကျေးရွာရှိ အိမ်ခြေ ၂၆၃ အိမ်မှ လူ ၁၃၃၃ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။



**ချစ်ဦးကို**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၂၁၃၁၇ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကုလားပဲ ၂၁၃၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၂၁၃၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကုလားပဲ ၂၁၃၁၇ ဧကစိုက်ပျိုးပြီးပါပြီ။ ဒီဒေသမှာ ကုလားပဲကို ဆောင်းသီးနှံအဖြစ် တောင်သူတွေက နှစ်စဉ်အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံအထွက်ကောင်းမွန်တဲ့ ရေဆင်း(၆) နဲ့ ရေဆင်း(၁၂) ကုလားပဲမျိုးတွေကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများအနေဖြင့် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖူလုံစွာရရှိသည့်အတွက် နှစ်စဉ် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံ ၃၁၃၄၇ ဧက၊ကုလားပဲအပါအဝင် ပဲမျိုးစုံ ၃၉၇၁၂ ဧက၊ စားဖိုဆောင်သီးနှံ ၄၀၇၃ ဧက၊ ဖူးစားပြောင်း ၁၇၈၅ ဧက၊ ကွဲ၊ နွားတိရစ္ဆာန်အစာပင် ၁၀၀၇၄ ဧကနှင့် အခြားသီးနှံဧက ၃၂၀ စုစုပေါင်း ဆောင်းသီးနှံစုံ ၈၇၃၁၁ ဧက လျာထား စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့ထိ သီးနှံစုံဧက ၇၆၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မဘိမ်းမြို့နယ် သဲချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မဘိမ်း ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သဲချောင်းကျေးရွာအတွက်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၁ ရက်နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဘိမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက သဲချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းစတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မဘိမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ခိုး**

## ရောဝတီသစ္စာ

\- မလိခ
အသိလှန့် မသွေဖည်။

\- တစ်သားတည်းပေမို့
ခြားခွဲကာ ဂုဏ်မဖော်ပြ
မေခအမည်။

\- အသင်းအပင်း အချစ်တွေနဲ့
ချင်းတွင်းမြစ် ဆွေညာပီ
ရောဝတီ အမည်စံထား၊
(အိုလေ . . . )
ရေဇလာနဒီ ဤအမှန်တရား။

\- တစ်ရာသုံးဆယ့်ငါး
ကဗျာကုံးဖွဲ့ထားသလို
တစ်သားတစ်သွေး ကမ္ဘောကမ္ဘာချီလို့
ရောဝတီ ပန်းချီရေးသည့်နှယ်
ရွှေမြန်မာပြည် အမည်မွေးရအောင်
(သွေးချင်းတို့ရေ . . . )
စည်းဝေးစို့လား။ ။

**ချစ်စုအောင်**

# မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မြန်အောင် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ထိန်သေးကြီးကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အင်ဂျင်နီယာဝန်ထမ်းများနှင့်အတူ ထိန်သေးကြီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ကျေးလက်ကုန်ထုတ်လမ်း ရေရှည်တည်တံ့ ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၃၆၂၃ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် တစ်ပေရှိ ကျောက်ရောမြေနီလမ်းခင်းခြင်းနှင့် မြေသားချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် မဟာရွှေမင်းသားကြီးကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ထိန်သေးကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

**သံသာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို ဝဂ္ဂနာအုပ်စု ပြန်လည်ပေးပို့မည်ဟုဆို

**မော်စကို ဇန်နဝါရီ ၂၂**

ယူကရိန်းအရှေ့ပိုင်း ဒွန်းနက်စ်ဒေသ ဆိုလီဒါမြို့တိုက်ပွဲ၌ ကျဆုံးခဲ့သော ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို ရုရှားပုဂ္ဂလိကလက်နက်ကိုင်အုပ်စုဖြစ်သော ဝဂ္ဂနာအုပ်စုက ယူကရိန်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးပို့ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

ဆိုလီဒါမြို့တိုက်ပွဲ၌ ကျဆုံးခဲ့ကြရသော ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို ယူကရိန်းတပ်များ ထိန်းချုပ်ထားသည့် နယ်မြေသို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ဝဂ္ဂနာအုပ်စုသတင်းပြန်ကြားရေး ဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဆိုလီဒါမြို့တိုက်ပွဲ၌ ကျဆုံးခဲ့ရသော ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို ယာဉ်တန်းလေးတန်း သို့မဟုတ် ငါးတန်းဖြင့် ယူကရိန်းနယ်မြေများသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အဆိုပါသတင်းဝက်ဘ်ဆိုက်ကြေညာချက်၌ ဖော်ပြထားသည်။

သို့သော် ပြန်လည်လွှဲပြောင်းပေးပို့မည့် ယူကရိန်းတပ်ဖွဲ့ဝင်ရုပ်အလောင်းများအရေအတွက်အတိအကျကို ဝဂ္ဂနာအုပ်စုက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ဆိုလီဒါမြို့တိုက်ပွဲ၌ ယူကရိန်းတပ်များ အကြီးအကျယ်အထိနာခဲ့ကြောင်း ဝဂ္ဂနာအုပ်စုက ပြောကြားထားသည်။

ဆိုလီဒါမြို့ကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားပုဂ္ဂလိကလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ဝဂ္ဂနာအုပ်စုက ဇန်နဝါရီ ၁၂ ရက်တွင် ကြေညာထားကြောင်း သိရသည်။

KKO

## အီရန်နိုင်ငံ၏ ရီရယ်လ်ငွေကြေးစနစ် တန်ဖိုး စံချိန်တင်ကျဆင်း

**တီဟီရန် ဇန်နဝါရီ ၂၂**

အီရန်နိုင်ငံ၏ ရီရယ်လ်ငွေကြေးစနစ်တန်ဖိုးသည် ဇန်နဝါရီ ၂၁ ရက်တွင် အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ငွေတန်ဖိုးစံချိန်တင်ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရီရယ်လ်ငွေကြေးစနစ်တန်ဖိုးသည် ဇန်နဝါရီ ၂၁ ရက်တွင် မှောင်ခိုဈေးကွက်၌ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ရီရယ်လ်ငွေ ၄၄၇၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

အနောက်အုပ်စု နိုင်ငံများနှင့် အီရန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် အီရန်နိုင်ငံ၏ ရီရယ်လ် ငွေကြေးစနစ်တန်ဖိုး စံချိန်တင် ကျဆင်းခဲ့ရခြင်းဖြစ်သည်။

အီရန် ရီရယ်လ်ငွေကြေးစနစ်တန်ဖိုးကျဆင်းလာမှုသည် ကမ္ဘာ့နိုင်ငံများ၏ အီရန်ဆန့်ကျင်ရေးပူးပေါင်းလှုပ်ရှားမှု၏ အကျိုးဆက်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ဝေဖန်ထားသည်။

လက်ရှိအချိန်တွင် ဥရောပသမဂ္ဂသည် အီရန်နိုင်ငံအပေါ် စတုတ္ထအကြော့အရေးယူပိတ်ဆို့မှုများပြုလုပ်ရေးအတွက် ဆွေးနွေးလျက်ရှိသည်။

အီရန်နိုင်ငံ၏ ရီရယ်လ်ငွေကြေးစနစ်တန်ဖိုးသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလမှစ၍ ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း သိရသည်။

KKO



## ၂၀၂၃ ခုနှစ် နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံတစ်ဝန်း၌ ကျင်းပ



**ပေကျင်း ဇန်နဝါရီ ၂၂**

၂၀၂၃ ခုနှစ် နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံတစ်ဝန်း၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ နှစ်သစ်ကူးပွဲသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေး စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးကျင်းပသည့် အဓိကပွဲတော်ကြီးဖြစ်သည်။

အဆိုပါ နှစ်သစ်ကူးနေ့တွင် ပေကျင်းမြို့နှင့် အခြားတရုတ်မြို့ကြီးများ၌ တရုတ်ပြည်သူထောင်ပေါင်းများစွာတို့သည် ဘုရားဝတ်ကျောင်းများ၌ ကျန်းမာရေးအတွက် ဆုတောင်းခဲ့ကြသည်။

တရုတ်အစိုးရက ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးစည်းမျဉ်းများကိုရုပ်သိမ်းပေးခဲ့ခြင်းကြောင့် ယခုနှစ် နှစ်သစ်ကူးရာသီတွင် တရုတ်ပြည်သူအများအပြားတို့မှာ သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇာတိရပ်ရွာများသို့ ပြန်ခွင့်ရခဲ့ကြကြောင်း သိရသည်။

နှစ်သစ်ကူးပွဲများသည် တရုတ်နိုင်ငံ၏ အရေးအကြီးဆုံးပွဲတော်ဖြစ်ပြီး တရုတ်ရာသီခွင်ဇယားအရ ယခုနှစ်မှာ ယုန်နှစ်ဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း တရုတ်ပြည်သူများမှာ နှစ်သစ်ကူးပွဲများကို ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများအောက်၌ ကျင်းပခဲ့ရကြောင်း သိရသည်။

KKO

## အထွေထွေညီလာခံမဲပေးခွင့်ပြန်ရရေးအတွက် ကုလသမဂ္ဂကြွေးကျန်များ လက်ဘနွန်ပေးချေရန် စီစဉ်



**ဘေရွတ် ဇန်နဝါရီ ၂၂**

အထွေထွေညီလာခံ၌ မဲပေးခွင့်ပြန်ရရေးအတွက် လက်ဘနွန်နိုင်ငံသည် ကုလသမဂ္ဂကြွေးကျန်များ ပေးချေရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

လက်ဘနွန်နိုင်ငံသည် ကုလသမဂ္ဂအသုံးစရိတ်အတွက်ထည့်ဝင်ရမည့်ငွေကြေးများ ကျန်ရှိနေမှုကြောင့် သုံးနှစ်တာကာလအတွင်း ဒုတိယအကြိမ်မြောက်အဖြစ် အထွေထွေညီလာခံ၌ ဆန္ဒမဲပေးခွင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

သို့သော် အထွေထွေညီလာခံ၌ မဲပေးခွင့်ပြန်ရရေးအတွက် ကုလသမဂ္ဂကြွေးကျန်များ ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်းလက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၌ မဲပေးခွင့် ပြန်ရရေးအတွက် လက်ဘနွန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂသို့ ကြွေးကျန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းထိ ပေးသွင်းရမည်ဖြစ်သည်။

လက်ရှိတွင် လက်ဘနွန်နိုင်ငံနှင့်အတူ ဒိုမေနီကန်နိုင်ငံ၊ အီကွေတိုရီယယ်ဂီနီယာနိုင်ငံ၊ ဂါဘွန်၊ တောင်ဆူဒန်နှင့် ဗင်နီဇွဲလားနိုင်ငံများမှာလည်း ကုလကြွေးကျန်များကြောင့် အထွေထွေညီလာခံမဲပေးခွင့်များ ဆုံးရှုံးထားသည်။

ကုလသမဂ္ဂပဋိညာဉ်အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအသုံးစရိတ်အတွက် ပေးသွင်းရမည့်ငွေကြေးပမာဏကို နှစ်နှစ်ထိ ပေးသွင်းခြင်းမရှိပါက အထွေထွေညီလာခံ၌ မဲပေးခွင့်ဆုံးရှုံးရမည်ဖြစ်ကြောင်း သိရသည်။

KKO

## ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှု ယခုနှစ်မတ်လတွင် နိုင်ဂျီးရီးယားစတင်မည်

**အဘူဂျာ ဇန်နဝါရီ ၂၂**

သမ္မတ ရွေးကောက်ပွဲများ မကျင်းပမီ တစ်လကျော်အလိုတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ခံမှုပြုလုပ်ရန် နိုင်ဂျီးရီးယားနိုင်ငံကစီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ဂျီးရီးယားနိုင်ငံအတွက် ၁၇ နှစ်တာကာလအတွင်း ပထမဆုံးသော ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံမှုဖြစ်သည်။

မိမိတို့အနေဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ခံမှုကို ယခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၂ရက်ထိ ပြုလုပ်မည်ဖြစ်သည်ဟု နိုင်ဂျီးရီးယားအမျိုးသားလူဦးရေကော်မရှင်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ လက်ရှိလူဦးရေမှာ သန်း ၂၀၀ ကျော်ထိရှိနိုင်ကြောင်း ကုလသမဂ္ဂကခန့်မှန်းထားသည်။

ထို့ပြင် နိုင်ဂျီးရီးယားနိုင်ငံ၏ အဆိုပါလူဦးရေသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် နှစ်ဆတိုးလာနိုင်ကြောင်း ကုလသမဂ္ဂ၏ အဆိုအရ သိရသည်။

အဆိုပါလူဦးရေ ခန့်မှန်းချက်အရ နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၅၀ပြည့်နှစ်တွင် အမေရိကန်နိုင်ငံကိုကျော်တက်၍ကမ္ဘာ့တတိယလူဦးရေ အများဆုံးနိုင်ငံအဖြစ် ရပ်တည်လာတော့မည်ဖြစ်သည်။

နိုင်ဂျီးရီးယား နိုင်ငံသည် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ခံမှုကို ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း ပြည်တွင်းမငြိမ်သက်မှုများကြောင့် ကာလရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသယာဉ်မှူးနှစ်ဦးနှင့်အမေရိကန်အာကာသယာဉ်မှူးတစ်ဦးတို့ နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ တစ်နှစ်တာအပြည့်ဆက်နေကြရဖွယ်ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၂၂**

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်ရှိ ရုရှားအာကာသယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူးတစ်ဦးတို့သည် အာကာသစခန်းယာဉ်ပေါ်၌ တစ်နှစ်တာအပြည့် ဆက်နေကြရဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူး ဖရင့်ခ်ရူဘီယိုနှင့် ရုရှားအာကာသ ယာဉ်မှူးများဖြစ်ကြသည့် ဆာဂေးပရိုကော့ယက်ဗ်နှင့် ဒီမီထရီပီတီလင်တို့သည် ရုရှားနိုင်ငံ၏ ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်ဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်က နိုင်ငံတကာ အာကာသစခန်းသို့ရောက်ရှိခဲ့ကြသည်။

အဆိုပါ အာကာသယာဉ်မှူးသုံးဦးတို့သည် ယခုနှစ် မတ်လ တွင် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်ဖြင့်ပင် ကမ္ဘာမြေပေါ်ပြန်လည်ဆင်းသက်ရန် စီစဉ်ထားသည်။

သို့ရာတွင် အဆိုပါဆိုယုဇ် အာကာသလူသယ်ယာဉ်၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ အအေးပေးဓာတ်ငွေ့စနစ်ယိုစိမ့်မှုပြဿနာပေါ်ထွက်ခဲ့ရာ ၎င်းအာကာသယာဉ်မှူး သုံးဦးတို့မှာ နိုင်ငံတကာ အာကာသစခန်းပေါ်၌ သောင်တင်ခဲ့ရကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် အဆိုပါ အာကာသယာဉ်မှူးများကိုပြန်လည်ခေါ်ယူရေးအတွက် ဆိုယုဇ် MS-23 အာကာသ လူသယ်ယာဉ်ကို လာမည့် ဖေဖော်ဝါရီလတွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း အဆိုပါ အာကာသယာဉ်သစ်မှာ အခြား အာကာသလူသယ်ယာဉ်သစ်တစ်စင်း ဆိုက်ရောက်လာချိန်ထိတိုင် နိုင်ငံတကာအာကာသစခန်း၌ ဆက်လက်ဆိုက်ကပ်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရုရှားနှင့်အမေရိကန်အာကာသယာဉ်မှူးများအနေဖြင့် နိုင်ငံတကာ အာကာသစခန်းပေါ်၌ တစ်နှစ်တာအပြည့် ဆက်နေရဖွယ်ရှိပြီး ယခုနှစ် စက်တင်ဘာလမှသာ ကမ္ဘာမြေပေါ်သို့ပြန်လည်ဆင်းသက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

KKO

## ဆားဓာတ်ခံစားနိုင်စွမ်းမြှင့်တင်ပေးမည့် အီလက်ထရွန်နစ်ဇွန်းတစ်မျိုး ဂျပန်သိပ္ပံပညာရှင်များဖန်တီး

**တိုကျို ဇန်နဝါရီ ၂၂**

ဆားဓာတ် အလွန်နည်းပါးသော အစားအစာများစားသောက်ချိန်တွင် လျှာ၏ဆားဓာတ်ခံစားနိုင်စွမ်းကို မြှင့်တင်ပေးမည့် အီလက်ထရွန်နစ် ဇွန်းတစ်မျိုးကို ဂျပန်သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

မေဂျီတက္ကသိုလ်မှ ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထားသည့် အဆိုပါ အီလက်ထရွန်နစ်ဇွန်းသည် လျှပ်စစ်လှိုင်းများ၏ အကူအညီဖြင့် လျှပ်စစ်ဆား ခေါ် ဆိုဒီယမ်အိုင်ယွန်များကို လျှာပေါ်ပို့လွှတ်ပေးခြင်းဖြင့် ဆားဓာတ်ခံစားနိုင်စွမ်းကို ဆားစားသုံးမှုမရှိဘဲ မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့ဖန်တီးထားသော အီလက်ထရွန်နစ်ဇွန်းသည် ဆိုဒီယမ်ပါဝင်မှုနည်းသည့် အစားအစာများအတွက် ဆားအရသာကို ၁ ဒသမ ၅ ဆထိ မြှင့်တင်ပေးနိုင်ကြောင်း၊



ဆားဓာတ်အရသာ ခံစားနိုင်စွမ်းကို ဆားမစားသုံးဘဲ မြှင့်တင်ပေးနိုင်မည့် အီလက်ထရွန်နစ်ဇွန်းနှင့် အီလက်ထရွန်နစ် ပန်းကန်ကဲ့သို့ ပစ္စည်းများသည် လူသားများ၏ ဘဝနေထိုင်မှုပုံစံကို အပြောင်းအလဲပြုလုပ်ရာ၌ အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိဖန်တီးထားသည့် ဆားအရသာခံစားနိုင်စွမ်း မြှင့်တင်ပေးမည့် အီလက်ထရွန်နစ်ဇွန်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ထုတ်လုပ်ရောင်းချနိုင်ရန် ဂျပန်သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါ အီလက်ထရွန်နစ်ဇွန်းသည် ဆိုဒီယမ်အိုင်ယွန်များကို လျှာပေါ် ပို့ဆောင်ရေးအတွက် အလွန်အားပျော့သည့် လျှပ်စီးလှိုင်းများကိုသာအသုံးပြုထားရာ လူသားတို့အတွက် မည်သည့်ဘေးဥပဒ်မျိုးမှုမရှိကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## နဂါးငွေ့တန်းကြယ်စု၏ ကြယ်စုအီကွေတာရပ်ဝန်းကို တိုင်းတာလေ့လာခဲ့ရာ အာကာသဒြပ်ထည်ပေါင်း ၃ ဒသမ ၃၂ ဘီလီယံထိ ရှာဖွေစာရင်းတင်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စု၏ ကြယ်စုအီကွေတာရပ်ဝန်းကို တိုင်းတာလေ့လာခဲ့ရာ အာကာသဒြပ်ထည်ပေါင်း ၃ ဒသမ ၃၂ ဘီလီယံထိ ရှာဖွေစာရင်းတင်နိုင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အမေရိကန်စွမ်းအင်ဝန်ကြီးဌာန၏ မဟူရာစွမ်းအင်ကင်မရာ (DEC) ဖြင့် နှစ်နှစ်ကျော်ကြာ အချိန်ယူလေ့လာခဲ့ပြီးနောက် နဂါးငွေ့တန်းကြယ်စု အီကွေတာရပ်ဝန်းရှိ အာကာသဒြပ်ထည်များကို မှတ်တမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

DECaPS2 အမည်ရှိ မစ်ရှင်အတွင်း အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စု အီကွေတာရပ်ဝန်းအတွင်းရှိ ကြယ်ပေါင်း ၃ ဒသမ ၃၂ ဘီလီယံကို စာရင်းရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နဂါးငွေ့တန်းကြယ်စုအတွင်း ဘီလီယံရာနှင့်ချီရှိသော ကြယ်များ၊ ရောမကြယ်ဖွဲ့နယ်မြေကြီးများ၊ ဖုန်မှုန့်နှင့်ဓာတ်ငွေ့တိမ်တိုက်ကြီးများ တည်ရှိနေကြပြီး အဆိုပါအာကာသ ဒြပ်ထည်များနှင့် အာကာသနယ်မြေများသည် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်၏ အီကွေတာရပ်ဝန်း၌ တည်ရှိသည်။

နဂါးငွေ့တန်းကြယ်စု၏ အီကွေတာရပ်ဝန်းသည် အချင်းအလင်းနှစ် ၁၀၀၀၀၀၊ ထုအလင်းနှစ် ၁၀၀၀ ရှိသော နဂါးငွေ့တန်းကြယ်စု ခါးလယ်ပိုင်းနေရာဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ကျန်းမာရေးနှင့်ညီသည့် ကိုယ်အလေးချိန်ရှိသူများသာ ဗီတာမင်-ဒီ ၏ အကျိုးကျေးဇူးများကို ခံစားရနိုင်

**နယူးယောက် ဇန်နဝါရီ ၂၂**

ဗီတာမင်-ဒီ၏ ကျန်းမာရေးအကျိုးကျေးဇူးများကို ကျန်းမာရေးနှင့်လျော်ညီသည့် ကိုယ်အလေးချိန်ရှိသူများသာ ရယူခံစားနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ဗီတာမင်-ဒီသည် အရိုးများ သန်မာရေး၊ ခုခံအားစနစ်အားကောင်းရေးတို့အတွက် အရေးကြီးသည့် သက်ဆောင့်ဓာတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဘီဒဗလျူအိတ်ချ် ဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်လွန်ကဲသူများ သို့မဟုတ် အဝလွန်သူများသည် ဗီတာမင်-ဒီ၏ ကျန်းမာရေးအကျိုးကျေးဇူးများကို အနည်းဆုံးခံစားရသူများဖြစ်ကြကြောင်း သိရသည်။

အဆီဓာတ်စုစည်းမှုလွန်ကဲခြင်းကြောင့် အဝလွန်သူ၊ ကိုယ်အလေးချိန် လွန်ကဲသူများ၏ ကိုယ်ခန္ဓာမှာ ဗီတာမင်-ဒီကို အသုံးချရေးအတွက်ပြုပြင်စီရင်နိုင်ရန် ရုန်းကန်နေရတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဝလွန်သူ၊ ကိုယ်အလေးချိန်လွန်ကဲသူများသည် ဗီတာမင်-ဒီဆေးသုံးစွဲမှုချင်းတူသည့်တိုင် ကျန်းမာရေးနှင့်ညီညွတ်သော ကိုယ်အလေးချိန်ရှိသူများနှင့်နှိုင်းယှဉ်ပါက သွေးအတွင်း ဗီတာမင်-ဒီပါဝင်မှုပိုနည်းပါးကြောင်း၊ အမေရိကန် သုတေသန ပညာရှင်များသည် ဗီတာမင်-ဒီ ဖြည့်စွက်ဆေးများကို ငါးနှစ်ကြာမျှ နေ့စဉ်သုံးစွဲခဲ့သူဦးရေ ၂၆၀၀၀ တို့ကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO

## ဗိုင်ရာဂရာဆေးသုံးစွဲသူအမျိုးသားများ၌ နှလုံးရောဂါများဖြစ်နိုင်ခြေ ၃၉ ရာခိုင်နှုန်းလျော့ကျနိုင်

**နယူးယောက် ဇန်နဝါရီ ၂၂**

အမျိုးသား ပန်းသေ၊ ပန်းညိုးရောဂါ ပျောက်ဆေးဖြစ်သည့် ဗိုင်ရာဂရာ(Viagra) ဆေးသည် သုံးစွဲသူအမျိုးသားများ၌ နှလုံးရောဂါများဖြစ်နိုင်ခြေကို ၃၉ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇန်နဝါရီ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် ဗိုင်ရာဂရာဆေးသုံးစွဲသူအမျိုးသားများသည် မသုံးစွဲသူများနှင့်နှိုင်းယှဉ်ပါက ရောဂါဘယတစ်မျိုးမျိုးကြောင့် သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေ ပိုနည်းပါးဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပန်းသေ၊ ပန်းညိုးပြဿနာရှိခဲ့ဖူးသော ပျမ်းမျှအသက် ၅၂ နှစ်အရွယ်ရှိသူ အမျိုးသားဦးရေ ၇၀၀၀၀ တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဗိုင်ရာဂရာဆေးသုံးစွဲသူ အမျိုးသားများတွင် နှလုံးပြဿနာများ ပေါ်လာနိုင်ခြေ ၄၀ ရာခိုင်နှုန်းခန့် ကျဆင်းနေတတ်ကြောင်း၊ အလားတူ ဗိုင်ရာဂရာဆေးသုံးစွဲသူများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေ ၁၇ ရာခိုင်နှုန်းပိုနည်းပါးကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗိုင်ရာဂရာဆေး သုံးစွဲသူများတွင် သွေးဖိအားကျဆင်းသွားတတ်ရာ ကိုယ်တွင်းသွေးစီးဆင်းမှုကို အထောက်အကူပြုပြီး နှလုံးပြဿနာများကို ဖန်တီးနိုင်သည့် သွေးကြောပိတ်ဆို့မှုများလည်း ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၂**

သြစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်တစ်ပွဲအဖြစ် ဂျိုကိုဗစ်နှင့်ဒီမီထရော့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း JP Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် စတုတ္ထအဆင့်ကို တက်ရောက်ခဲ့ပြီဖြစ်သော်လည်း ဒီမီထရော့ဖ်နှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုနှစ်ကြိမ်ခံယူခဲ့ရသည်။

စတုတ္ထအဆင့်အား ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သော်လည်း တံကောက်ကြောဒဏ်ရာရရှိနေသည့်အတွက် ဂျိုကိုဗစ်အနေဖြင့် ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်မည့်အခြေအနေတွင် မရှိကြောင်း သိရသည်။

ပုံစံကောင်းရနေသည့် ဂျိုကိုဗစ်အနေဖြင့် တံကောက်ကြောဒဏ်ရာအား လိုအပ်သည့်ဆေးကုသမှုများနှင့်လေ့ကျင့်ခန်းများပြုလုပ်မည်ဖြစ်ပြီး စတုတ္ထအဆင့် ပွဲစဉ်အတွက် အကောင်းဆုံး ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က "ဒီမီထရော့ဖ်လို ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ကစားရတဲ့ပွဲစဉ်မျိုးမှာ တံကောက်ကြောဒဏ်ရာနဲ့ ကစားခဲ့ရတာ တော်တော်ကို ခက်ခဲပါတယ်။ ဒါပေမဲ့လဲ ကျွန်တော်အကောင်းဆုံး လုပ်နိုင်ခဲ့တယ်။ အကြိတ်အနယ်ရှိတဲ့အတွက်ကြောင့် ပွဲကစားချိန်ဟာလဲ ၃ နာရီကျော်ကြာမြင့်ခဲ့တယ်။ ကြံ့ခိုင်မှု အခြေအနေကတော့ ဘယ်လိုဖြစ်လာမလဲ မသိသေးဘူး။ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် စတုတ္ထအဆင့်အတွက် အကောင်းဆုံးပြင်ဆင်သွားမယ်။ ကြံ့ခိုင်မှု မပြည့်ဝတဲ့ ကစားရတာအဆင်တော့ မပြေနိုင်ပါဘူး။ကျွန်တော်တတ်နိုင်သလောက်တော့ အကောင်းဆုံး အားထုတ်ကစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။ AZL



| | | | | |
|---|---|---|---|---|
| **ပရီးမီးယားလိဂ်ပွဲစဉ် (၂၁) ရလဒ်** | | | | |
| လိဒ် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |
| မန်စီးတီး | ၃ | - | ၀ | ဝုဗ် |
| **စပိန်လာလီဂါပွဲစဉ် (၁၈) ရလဒ်** | | | | |
| ဗီလာရီးရဲလ် | ၁ | - | ၀ | ဂျီရိုနာ |
| အယ်ချီ | ၁ | - | ၁ | အိုဆာဆူနာ |


(၀၄၀)

## အားကစားသတင်း အတိုအထွာများ

- ဆောက်သမ်တန်အသင်းနှင့် အေဗီလာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကွင်းအတွင်း ဒရုန်းဖြတ်ကျော်ပျံသန်းခဲ့မှုကြောင့် ပွဲကစားချိန် ၁၀ မိနစ်ခန့် ရပ်နားခဲ့ရကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် တိုက်စစ်မှူး ဗလာဟိုဗစ်ကို အာဆင်နယ်၊ ချဲလ်ဆီး၊ မန်ယူနှင့် ပီအက်စ်ဂျီ အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ဆဲလ်တစ်အသင်း ခံစစ်ကစားသမား ဂျူရန်နိုဗစ်အား ခေါ်ယူနိုင်ခဲ့သည့် ယူနီယံဘာလင်အသင်းက လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

ML

# စပါးအသင်းက ရိုးမားအသင်းမှ ကွင်းလယ်ကစားသမား ဇန်နီအိုလိုကို အငှားစာချုပ်ဖြင့် ခေါ်ယူရန်ဆွေးနွေး





**လန်ဒန် ဇန်နဝါရီ ၂၂**

စပါးအသင်းက လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလမပြီးဆုံးမီ ရိုးမားအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား ဇန်နီအိုလိုကို အငှားစာချုပ်ဖြင့် ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်ပိုင်း မတည်ငြိမ်မှုများနှင့် ရုန်းကန်နေရသည့်အတွက် စပါးအသင်း နည်းပြကွန်တီက လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလမပြီးဆုံးမီ လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက် ကစားသမားအင်အား ဖြည့်တင်းလိုနေခြင်း ဖြစ်ကြောင်း သိရသည်။

အသက်၂၃ နှစ်ရှိ ဇန်နီအိုလိုသည် လက်ရှိ နည်းပြ မော်ရင်ဟိုလက်အောက်တွင် ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ ရုန်းကန်နေရပြီး ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသောကြောင့် အဇောပိုင်းကတည်းက ပရီးမီးယားလိဂ်ကလပ် အသင်းတစ်သင်းကို ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကာ ရိုးမားအသင်းကလည်း ၎င်းကို အသင်းမှထွက်ခွာခွင့်ပြုထားခြင်းဖြစ်သည်။

စပါးအသင်းက ဇန်နီအိုလိုကို အငှားစာချုပ်ပြည့်မြောက်ပါက အပြီး သတ်ဝယ်ယူခွင့်ဖြင့် ကမ်းလှမ်းထားသော်လည်း ရိုးမားအသင်းက ၎င်းကို အပြီးသတ်သာ ရောင်းချလိုနေပြီး ပြောင်းရွှေ့ကြေးကိုလည်း ယူရို ၃၅ သန်းမှ သန်း ၄၀ ထိ အလိုရှိနေခြင်းဖြစ်သည့်အတွက် စပါးအသင်းနှင့် ရိုးမားအသင်းမှ တာဝန်ရှိသူများအကြား ဆက်လက် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

STA

# မန်ယူအသင်းက လူငယ်ကစားသမား ဂါနာချိုကို ရှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်း

**မန်ချက်စတာ ဇန်နဝါရီ ၂၂**

မန်ယူအသင်းက အသင်းမှ လူငယ် တောင်ပံကစားသမား ဂါနာချိုကို နှစ်ရှည်သက်တမ်းတိုးစာချုပ်ဖြစ်သည့် ရှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည်ဟု The Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈နှစ်သာရှိသေးသည့် ဂါနာချိုသည် ၂၀၂၀ ပြည့်နှစ်က အေတီကိုအကယ်ဒမီမှ မန်ယူအသင်း အကယ်ဒမီသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဧပြီလက ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ကာ လာမည့် ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

ဂါနာချိုသည် ယခုနှစ်ဘောလုံးရာသီမှသာ အသင်းကြီးနှင့်စတင်ပူးပေါင်းခွင့်ရရှိခဲ့ပြီး နည်းပြ တန်ဟတ်၏ ယုံကြည်မှုနှင့်အတူ နောက်ပိုင်းပွဲစဉ်များ၌ အသင်း ဘယ်တောင်ပံ တိုက်စစ်နေရာတွင် ဆန်ချိုမပါဝင်နိုင်သည့် ပွဲစဉ်များ၌ ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေသူဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီးအနာဂတ် တောက်ပလာနိုင်သည့် အလားအလာများကြောင့် စပိန်ထိပ်သီး ရီးရဲလ်မက်ဒရစ်အသင်း အပါအဝင် ဥရောပထိပ်တန်း အသင်းကြီးများက ခေါ်ယူလိုနေသည့်အတွက် မန်ယူအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်း သမိုင်းတစ်လျှောက်တွင် ကစားသမားများကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ရာ၌ ခြောက်နှစ်ထက်ပိုပြီးကမ်းလှမ်းခြင်းမရှိခဲ့ဘဲ ယခုအခါ ဂါနာချိုသည် ပထမဆုံးအကြိမ်အဖြစ် ရှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခံခဲ့ရခြင်းဖြစ်သည်။

ဂါနာချိုသည် ယခုနှစ် ဘောလုံးရာသီတွင် ဖူလ်ဟမ်အသင်းနှင့်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်နှင့် ဆိုစီဒက်အသင်းနှင့် ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တို့တွင် သွင်းဂိုး တစ်ဂိုးစီသွင်းယူထားပြီး အရေးပါသည့် ဂိုးဖန်တီးမှုအချို့ကိုလည်း ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် ပွဲ ၁၀၀၀ ပြည့်မြောက်သည့် နည်းပြအဖြစ် ကလော့ပ်မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၂၂**

ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် လီဗာပူးအသင်းနှင့်ချဲလ်ဆီးအသင်းတို့ပွဲစဉ်သည် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း နည်းပြကလော့ပ်အနေဖြင့် နည်းပြသက်တမ်းတစ်လျှောက်တွင် ပွဲ ၁၀၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြကလော့ပ်သည် ၎င်း၏ နည်းပြဘဝကို ၂၀၀၁ ခုနှစ်က ဂျာမန်ကလပ် မိန့်ဇ်အသင်းနှင့် စတင်ခဲ့ရာ မိန့်ဇ်အသင်းတွင် ပြိုင်ပွဲစုံ ပွဲ၂၇၀ တာဝန်ယူကိုင်တွယ်ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ၃၁၉ ပွဲတာဝန်ယူခဲ့ကာ ၂၀၁၅ ခုနှစ်တွင် လီဗာပူးအသင်းသို့ ရောက်ရှိ၍ ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်အပြီးတွင် ပြိုင်ပွဲစုံ ၄၁၁ ပွဲရှိခဲ့သောကြောင့် နည်းပြသက်တမ်းတစ်လျှောက်တွင် ပွဲ ၁၀၀၀ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



နည်းပြကလော့ပ်သည် လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းအား ချန်ပီယံဆုဖလားတစ်ကြိမ်၊ ဗီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်၊ ပရီးမီးယားလိဂ်ဖလားတစ်ကြိမ်၊ အက်ဖ်အေဖလား၊ ကွန်မြူနတီဒိုင်း စသည့်ဆုဖလားအားလုံးကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် မန်ယူအသင်းနည်းပြဟောင်း ဖာဂူဆန်၏ မှတ်တမ်းကောင်းကို လိုက်မမီခဲ့သကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၉ ပွဲတွင် ၂၇ ပွဲထိ နိုင်ပွဲရရှိအောင် စွမ်းဆောင် နိုင်ခဲ့သည့်အပြင် ဘောလုံးရာသီမပြီးဆုံးမီ ပွဲစဉ် ၃၁ ကတည်းက ပရီးမီးယားလိဂ် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် မှတ်တမ်းကောင်းများကိုလည်း ပိုင်ဆိုင်ခဲ့သည်။ ML

# ဘွန်ဒက်လီဂါသမိုင်းတွင် အဝေးကွင်း ၃၆ ပွဲဆက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းကို ရှော်လ်ကေးအသင်းရရှိ



**ဘာလင် ဇန်နဝါရီ ၂၂**

ဖရန့်ဖတ်အသင်းနှင့်ရှော်လ်ကေးအသင်းတို့ ကစားခဲ့သည့် ဘွန်ဒက်လီဂါပွဲစဉ် (၁၆) တွင် အိမ်ရှင်ဖရန့်ဖတ်အသင်းက ရှော်လ်ကေးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ရှော်လ်ကေးအသင်းသည် ဘွန်ဒက်လီဂါသမိုင်းတွင် အဝေးကွင်း ၃၆ ပွဲဆက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ကိုရရှိခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဘွန်ဒက်လီဂါ ချန်ပီယံဆုကို ခုနစ်ကြိမ်ထိ ရယူနိုင်ခဲ့သည့် ရှော်လ်ကေးအသင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလက ကစားခဲ့သည့် ဝါဒါဘရီမင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ဘွန်ဒက်လီဂါတွင် အဝေးကွင်း ၃၅ ပွဲဆက်ရှုံးနိမ့်ခဲ့သကဲ့သို့ ယခုအဝေးကွင်းပွဲစဉ်တွင်လည်း ဖရန့်ဖတ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်သောကြောင့် ဘွန်ဒက်လီဂါသမိုင်းတွင် အဝေးကွင်း၃၆ ပွဲဆက်ရှုံးနိမ့်ခဲ့သည့် ပထမဆုံးအသင်းဖြစ်လာခဲ့ကြောင်း သိရသည်။

ဘွန်ဒက်လီဂါ သမိုင်းတွင် ၁၉၈၁ ခုနှစ်က ကာရှုဟာအသင်းက အဝေးကွင်း ၃၅ ပွဲဆက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးကို ရရှိခဲ့သော်လည်း ယခုအခါ ရှော်လ်ကေးအသင်းက ၃၆ ပွဲဆက်ရှုံးနိမ့်၍ အဝေးကွင်း ရလဒ်အဆိုးရွားဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရှော်လ်ကေး အသင်းသည် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ဘွန်ဒက်လီဂါ-၂ သို့ တန်းဆင်းခဲ့ရကာ ရာသီကုန်ဆုံးချိန်တွင် ချန်ပီယံဆု ရရှိခဲ့သောကြောင့် ယခုဘောလုံးရာသီတွင် ဘွန်ဒက်လီဂါသို့ ပြန်လည်တန်းတက်လာခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရောက်ရှိနေပြီး တန်းဆင်းဇုန်မှလွတ်မြောက်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။ ML

# ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြလမ်းပတ် ရာထူးမှ ထုတ်ပယ်ခံရရန် နီးစပ်လာ

**လန်ဒန် ဇန်နဝါရီ ၂၂**

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ရလဒ်ဆိုးများနှင့် ရင်ဆိုင်နေရသည့် အဲဗာတန်အသင်းနည်းပြ လမ်းပတ်သည် ဝက်စ်ဟမ်းအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံရရန် နီးစပ်လာခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြလမ်းပတ်သည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ပရီးမီးယားလိဂ်ရှစ်ပွဲဆက်တွင် ဖူလ်ဟမ်အသင်းနှင့်ဂိုးမရှိသရေ၊ လက်စတာအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဘုန်းမောက်အသင်းကို သုံးဂိုး ဂိုးမရှိ၊ ဝုဗ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ မန်စီးတီးအသင်းကို တစ်ဂိုးစီသရေ၊ ဘရိုက်တန်အသင်းကို လေးဂိုးတစ်ဂိုး၊ ဆောက်သမ်တန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ယခုဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားအပြီးတွင် သုံးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၅ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားအောက်ဆုံးမှ ဆောက်သမ်တန်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၁၉) နေရာ တွင် ရပ်တည်နေသောကြောင့် အသင်းပိုင်ရှင် မိုရှီရီက ရာထူးမှ ထုတ်ပယ်ရန်စီစဉ်နေပြီး လာမည့်အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်နှစ်ပွဲကို ဆက်လက်စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်း ဘုတ်အဖွဲ့ဥက္ကဌက "လက်ရှိ ကျွန်တော်တို့အသင်းဟာ ရလဒ်ဆိုးတွေနဲ့ရုန်းကန်နေရပါတယ်။ ဒါကြောင့် အသင်းအနေနဲ့ အခုလို အခြေအနေကနေ ကျော်ဖြတ်ပြီး နိုင်ပွဲတွေရရှိဖို့လိုအပ်ပါတယ်။ နည်းပြလမ်းပတ်ရဲ့ အနာဂတ်နဲ့ ပတ်သက်လို့ကတော့ အသင်းပိုင်ရှင်ရဲ့ ဆုံးဖြတ်ချက်သာဖြစ်လို့ ကျွန်တော်အနေနဲ့ ဘာမှ ပြောလို့မရပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# လီဗာပူးနှင့်ပွဲစဉ်တွင်ကြွက်သားဒဏ်ရာရရှိခဲ့သည့် ချာလိုပက် ချဲလ်ဆီးအသင်း၏ ၁၁ ဦးမြောက် ဒဏ်ရာရကစားသမားဖြစ်လာ

**လန်ဒန် ဇန်နဝါရီ ၂၂**

ချဲလ်ဆီးအသင်း၏ ၁၁ ဦးမြောက် ကစားသမားဒဏ်ရာရရှိမှုအဖြစ် ခံစစ်ကစားသမားချာလိုပက်သည် လီဗာပူးအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့ပြီး လာမည့်ပွဲစဉ်အချို့ကို လွဲချော်ဖွယ်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ချာလိုပက်သည် ပွဲပြီးဆုံးခါနီး ပွဲချိန် ၈၁ မိနစ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ကစားနိုင်ခြင်းမရှိခဲ့သည့်အတွက် အက်ပီလီကျူတာနှင့်လူစားလဲ ထွက်ခွာခဲ့ရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာရ ကစားသမားအများဆုံး အသင်းအဖြစ် ရပ်တည်နေသည့် ချဲလ်ဆီးအသင်းသည် ချာလိုပက် မတိုင်မီကလည်း အဓိက ကစားသမားများဖြစ်သည့် ကန့်တီ၊ စတားလင်း၊ ဇာကာရီ၊ ဘန်ချီဝဲလ်၊ ရီစီဂျိမ်း၊ ဖိုဖန်နာ၊ ဘရိုဂျာ၊ ပူလီဆစ်နှင့်မန်ဒီ၊ လော့တက်ချိခ် အစရှိသည့် ကစားသမားများအပါအဝင် ကစားသမား ၁၀ဦးထိဒဏ်ရာရရှိခဲ့ပြီး ယခုအခါ ချာလိုပက်အနေဖြင့်လည်း ထပ်မံပြီး ဒဏ်ရာရရှိခဲ့သည့်အတွက် ကစားသမား ၁၁ ဦးထိ ဒဏ်ရာပြဿနာနှင့်ကြုံတွေ့နေရခြင်းဖြစ်သည်။



ချဲလ်ဆီးအသင်း နည်းပြဂရေဟမ်ပေါ်တာက "အသင်းမှာ ဒဏ်ရာပြဿနာတွေက အဓိကထိုးနှက်ချက်ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့လတွေက အဓိက ကစားသမားတွေတစ်ယောက်ပြီး တစ်ယောက် ဒဏ်ရာရရှိနေလို့ခက်ခဲနေတဲ့အချိန်မှာ အခုလဲ ချာလိုပက်အနေနဲ့ ထပ်ပြီး ဒဏ်ရာရစာရင်းထဲပါလာပါပြီ။ ချာလိုပက်အနေနဲ့ ဒဏ်ရာက မပြင်းထန်ဘူးဆိုပေမဲ့ ဆေးအဖွဲ့ရဲ့ စစ်ဆေးချက်အဖြေကိုတော့ စောင့်နေရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် လီအန်ဝမစ်က ခရစ်အူဘန့်အား ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိ

**မန်ချက်စတာ ဇန်နဝါရီ ၂၂**

မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် WBA ယာယီမစ်ဒယ်ဝိတ်တန်းချန်ပီယံ ခရစ်အူဘန့်နှင့် WBO Inter-Continental လိုက်မစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံဖြစ်သူ လီအန်ဝမစ်တို့သည် ယနေ့တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ လီအန်ဝမစ်က စတုတ္ထအချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Mirror သတင်းဌာနက ဖော်ပြခဲ့သည်။

အင်္ဂလန် လက်ဝှေ့သမားနှစ်ဦး ထိပ်တိုက်တွေ့ဆုံသည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်သလို မစ်ဒယ်ဝိတ်တန်း၏ အကောင်းဆုံး လက်ဝှေ့သမားများအဖြစ်ရပ်တည်နေသည့် လက်ဝှေ့သမားနှစ်ဦး၏ စိန်ခေါ်ပွဲဖြစ်သည့်အတွက် ပရိသတ်များ၏ စိတ်ဝင်စားမှုကိုရရှိခဲ့သည့် စိန်ခေါ်ပွဲဖြစ်သည်။

သို့သော်လည်း ခရစ်အူဘန့်အနေဖြင့် မျှော်လင့်ထားသလောက် စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိဘဲ လီအန်ဝမစ်အား ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

လီအန်ဝမစ်ဖြင့် မထိုးသတ်မီ လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် ရှုံးပွဲနှစ်ပွဲသာရှိထားသည့် ခရစ်အူဘန့်အနေဖြင့် ရှုံးပွဲ သုံးပွဲရှိလာခဲ့ပြီး လီအန်ဝမစ်နှင့် ရှုံးပွဲအရေအတွက် တူညီသွားခဲ့ပြီဖြစ်သည်။

စိန်ခေါ်ပွဲမထိုးသတ်မီ ခရစ်အူဘန့်နှင့် လီအန်ဝမစ်တို့ကြား မီဒီယာ မိတ်ဆက်ပွဲတွင် ပုဂ္ဂိုလ်ရေးတိုက်ခိုက်သည့် စကားလုံးများဖြင့် အပြန်အလှန်ပြောဆိုဝေဖန်ခဲ့ကြပြီး ကြိုးဝိုင်းအတွင်း၌လည်း အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

ဗြိတိန် လက်ဝှေ့အဖွဲ့ချုပ်က ခရစ်အူဘန့်နှင့် လီအန်ဝမစ်တို့အား တစ်ဦးနှင့်တစ်ဦး အားကစားမပီသသည့် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကြောင့် စိန်ခေါ်ပွဲအပြီးတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်ကာ အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်။

AZL

# The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့တွင် အမှတ်ပေးဇယားကို တွမ်ဆင်နှင့် ဂျွန်ရမ်းတို့ ပူးတွဲဦးဆောင်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တွမ်ဆင်နှင့် စပိန်ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဘူဇီဒန်ဟော့နှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ပို့စ်တန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ပူးတွဲဦးဆောင်နေကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

တွမ်ဆင်နှင့် ဂျွန်ရမ်းတို့သည် အပြိုင်အဆိုင် လက်စွမ်းပြနေကြပြီး အတွေ့အကြုံရှိသည့် ဂျွန်ရမ်းက တတိယနေ့တွင် ပိုမိုကောင်းမွန်အောင် ကစားနိုင်ခဲ့သည်။

ဂျွန်ရမ်းက "တတိယနေ့ရလဒ်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ Iron နဲ့ အခွင့်အရေးကောင်းတွေကို အကောင်းဆုံး အသုံးချနိုင်ခဲ့တယ်။ တတိယနေ့ပြီးတဲ့ထိ လက်စွမ်းပိုင်းတည်တည်ငြိမ်ငြိမ်နဲ့ ကစားနိုင်ခဲ့လို့ နောက်ဆုံးနေ့အတွက် ယုံကြည်မှုအပြည့်ရှိနေပါတယ်။ နောက်ဆုံးနေ့မှာ ရိုက်ချက်အနည်းဆုံးဖြစ်အောင် ကြိုးစားရမယ်။ သတ်မှတ်ရိုက်ချက်ထက် အများကြီးလျှော့ရိုက်နိုင်ဖို့အတွက် စိတ်ဓာတ်ပိုင်းကလဲ အရေးကြီးတယ်။ စိတ်တည်ငြိမ်မှုပဲ ရိုက်ချက်တစ်ချက်ချင်းစီတိုင်းအပေါ်မှာ အာရုံစိုက်နိုင်မှာလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

**အီတလီစီးရီးအေပွဲစဉ် (၁၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဆမ့်ဒိုးရီးယား | ၀ | - | ၁ | အူဒီးနီးစ် |
| မွန်ဇာ | ၁ | - | ၁ | ဆက်ဆူအိုလို |

**ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၄ | - | ၃ | အော့စ်ဘတ် |

(၀၄၀)

# ဩစတြေးလျကျောက်မီးသွေးကို တရုတ်ဘာကြောင့် ပြန်လည်တင်သွင်းခဲ့တာလဲ

**မောင်စိန်အိ(နဘဲမြေ)**



တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင်သည် နိုင်ငံပိုင်ကုမ္ပဏီကြီးလေးခုဖြစ်သည့် China Baowu Steel Group ၊ China Datang ၊ China Huaneng Group နှင့် တရုတ်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းကို ဩစတြေးလျကျောက်မီးသွေးများတင်သွင်းရန် ခွင့်ပြုပေးခဲ့သည်။ ထိုသို့ခွင့်ပြုလိုက်ခြင်းသည် နှစ်နှစ်ကျော် ဩစတြေးလျကျောက်မီးသွေးများတင်သွင်းခွင့် တားမြစ်ထားမှုကို အဆုံးသတ်လိုက်ခြင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဖိအားများကြောင့် ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။ ထိုသို့ တင်သွင်းခွင့်ပြုလိုက်ခြင်းသည် သံ၊ သတ္တုရိုင်း ဈေးနှုန်းကျဆင်းမှုကြောင့် အခွန်ငွေလျော့နည်းလာသည့် ဩစတြေးလျနိုင်ငံကို ပြန်လည်ခုနိမ်နိုင်လိမ့်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူတချို့က ပြောဆိုလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် စီးပွားရေးဆိုင်ရာ မက်လုံးပေးသည်ထက် ဩစတြေးလျနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာစေရန် အခြားခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

တရုတ်နှင့် ဩစတြေးလျတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ကျောက်မီးသွေးကုန်သွယ်မှု အချက်အလက်အသေးစိတ်ကို လေ့လာကြည့်ရာတွင် နှစ်ဖက်စလုံး၌ ကျောက်မီးသွေးကုန်သွယ်မှု ပြန်လည်ဖွင့်လှစ်ရန်အတွက် စီးပွားရေးဆိုင်ရာ မောင်းနှင်အားများ နည်းပါးလျက်ရှိသည်။ တရုတ်နိုင်ငံသည် ဩစတြေးလျကျောက်မီးသွေးများအစား အင်ဒိုနီးရှား၊ ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ ကျောက်မီးသွေးများကို တင်သွင်းလျက်ရှိသည်။ ဩစတြေးလျနိုင်ငံသည် ကန့်သတ်တားမြစ်မခံရမီအချိန်က တရုတ်နိုင်ငံသို့ ကျောက်မီးသွေးတန် သန်း ၈၀ ခန့် တင်သွင်းခဲ့သည်။ ကျောက်မီးသွေးအစားထိုး တင်သွင်းမှုများသည် တရုတ်နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် တန်သန်း ၃၀၀ တင်သွင်းခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် တန်သန်း ၃၂၀ ထိ တိုးမြှင့်တင်သွင်းခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် အပူစွမ်းအင်၊ ဆိုလာစနစ် နှင့် လေစွမ်းအင်တို့ဖြင့် လျှပ်စစ်စွမ်းအားပိုမိုထုတ်လုပ်ခြင်းအားဖြင့် စွမ်းအင်လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းခဲ့ရာ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် စွမ်းအင်ပြတ်လပ်မှုကို သိသိသာသာလျှော့ချနိုင်ခဲ့သည်။

ထို့ပြင် ယူကရိန်းအရေးကြောင့် နိုင်ငံတကာဈေးကွက်တွင် ကျောက်မီးသွေးဈေးနှုန်းများ မြင့်တက်လာလျက်ရှိသဖြင့် တရုတ်နိုင်ငံ၏ပြည်တွင်းကျောက်မီးသွေးနှင့် ဩစတြေးလျကျောက်မီးသွေးတို့ကြား ဈေးနှုန်းကွာခြားချက်သည် ပုံမှန်လျော့ကျလာလျက်ရှိသည်။ ထို့ကြောင့် ဩစတြေးလျကျောက်မီးသွေး တင်သွင်းခွင့် ရုပ်သိမ်းပေးခြင်းသည် တရုတ်နိုင်ငံအတွက် စီးပွားရေးအရ အကျိုးဖြစ်ထွန်းနိုင်မှုနည်းပါးလျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံမှ ကျောက်မီးသွေးတင်သွင်းမှုကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေသောကြောင့်ပင်ဖြစ်သည်။

ဩစတြေးလျနိုင်ငံအနေဖြင့်လည်း အလားတူ စီးပွားရေးအကျိုးဖြစ်ထွန်းမှု ပြောပလောက်အောင်မရှိပေ။ တရုတ်နိုင်ငံမှ ကျောက်မီးသွေးတင်သွင်းခွင့် တားမြစ်ခံရပြီးနောက် ဩစတြေးလျနိုင်ငံသည် အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ ကျောက်မီးသွေးများ တင်ပို့ရောင်းချခဲ့သည်။ အဆိုပါဈေးကွက်များသည် ယခင်က ဩစတြေးလျနိုင်ငံမှ တရုတ်သို့တင်ပို့ခဲ့သည့်ပမာဏဖြစ်သော တန် ၈၀ ကို အပြည့်အဝ ဝယ်ယူနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ကျောက်မီးသွေးဈေးနှုန်းများ မြင့်တက်လာခဲ့သဖြင့် ဩစတြေးလျနိုင်ငံ၏ဝင်ငွေ တိုးတက်လာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသည် ကျောက်မီးသွေးတင်ပို့မှုမှ ဩစတြေးလျဒေါ်လာ ၁၁၄ ဘီလီယံ ရရှိခဲ့သည်။

ထို့ပြင် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ကျောက်မီးသွေးတိုးမြှင့်ထုတ်လုပ်ခဲ့ပြီး ပြည်ပတင်ပို့မှုကိုလည်း လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ကျောက်မီးသွေးပြန်လည်တင်ပို့နိုင်ရေး စွမ်းဆောင်ရည်နှင့် အကျိုးအမြတ်ပိုင်းတို့တွင် ကန့်သတ်ချက်များရှိနေသည်။ ထိုသို့သောအခြေအနေမျိုးတွင် ဩစတြေးလျကျောက်မီးသွေးတင်သွင်းခွင့်ကို တရုတ်က အတည်ပြုပေးလိုက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်စတင်ရန် ခြေလှမ်းသစ်တစ်ရပ်အဖြစ် ရှုမြင်သွားသင့်ပေသည်။

၂၀၂၀ ပြည့်နှစ်တွင် ဩစတြေးလျဝန်ကြီးချုပ်စကော့မော်ရစ်စင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအရင်းအမြစ်ကိုလွတ်လပ်စွာ စုံစမ်းဖော်ထုတ်ပေးရန် တောင်းဆိုခဲ့သည့်အချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးသည် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့သည်။ တရုတ်က ထိုသို့တောင်းဆိုမှုကို တရုတ်ဆန့်ကျင်ရေးမူဝါဒအဖြစ်သဘောထားခဲ့ပြီး ဩစတြေးလျနှင့်ထိတွေ့ဆက်ဆံမှုအားလုံး ရပ်ဆိုင်းခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ကျောက်မီးသွေးအပါအဝင် ဩစတြေးလျထုတ်ကုန်များကို တင်သွင်းခွင့်တားမြစ်ပိတ်ဆို့ခဲ့သည်။

သို့သော် ၂၀၂၂ ခုနှစ် မေလ ရွေးကောက်ပွဲ၌ မော်ရစ်စင်နှင့် ၎င်း၏ ညွန့်ပေါင်းအစိုးရရှုံးနိမ့်ခဲ့ပြီး လေဘာပါတီအနိုင်ရရှိကာ အန်တိုနီအယ်ဘန်နီစ်ဝန်ကြီးချုပ်ဖြစ်လာသည့်အချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးချဉ်းကပ်မှုပုံစံ ပြောင်းလာခဲ့သည်။ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အယ်ဘန်နီစ်တို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဘာလီ၌ပြုလုပ်သော G-20 ထိပ်သီးဆွေးနွေးပွဲ၌ တရားဝင်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ထူးခြားသောသဘောတူညီချက်များ မရရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များကြား ပထမဆုံးတွေ့ဆုံမှုပင်ဖြစ်သည်။ ထို့နောက် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီးဝုန်းသည် တရုတ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ကာ နိုင်ငံခြားရေးဝန်ကြီးဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘုံသဘောတူညီချက်များ မရရှိခဲ့သော်လည်း နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးအတွက် ချဉ်းကပ်မှုပုံစံအသစ်ကို စတင်နိုင်ခဲ့သည်။

တရုတ်အစိုးရ တာဝန်ရှိသူများက ဩစတြေးလျကုန်စည်များ တင်သွင်းခွင့်တားမြစ်ခြင်းသည် နိုင်ငံရေးပဋိပက္ခနှင့် ဆက်နွယ်လျက်ရှိကြောင်း၊ တရုတ်ဆန့်ကျင်ရေးမူဝါဒများအတွက် ဩစတြေးလျနိုင်ငံကို ဒဏ်ခတ်ပစ်ခြင်းဖြစ်ကြောင်း၊ ကျောက်မီးသွေးတင်သွင်းခွင့် တားမြစ်မှုရုပ်သိမ်းခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံ၏ ထက်သန်သောဆန္ဒကို ပြသနေခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထိုသို့ တားမြစ်မှုရုပ်သိမ်းခြင်းကို သတိထားဆောင်ရွက်လျက်ရှိသည်။ ဩစတြေးလျ ကျောက်မီးသွေးကို အကန့်အသတ်ဖြင့်သာ ဝယ်ယူခွင့်ပြုထားခြင်းဖြစ်သည်။ နိုင်ငံပိုင်ကုမ္ပဏီကို ၎င်းတို့ကိုယ်ပိုင်အသုံးပြုရေးအတွက် ဩစတြေးလျကျောက်မီးသွေးများကို ဝယ်ယူခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တရုတ်သည် ခေါင်းဆောင်များ၏ နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးအခြေအနေတိုးတက်စေရန်အတွက် မူဝါဒများပြောင်းလဲရန် အသင့်ရှိကြောင်းကို ဩစတြေးလျသို့ နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ကို ပြသလိုက်ခြင်းဖြစ်သည်။ ထိုအတောအတွင်း တရုတ်အနေဖြင့် ဩစတြေးလျ၏ တုံ့ပြန်မှုအပေါ် မူတည်၍ ၎င်း၏ ဆုံးဖြတ်ချက်ကို လိုက်လျောညီထွေပြောင်းလဲသွားမည်ဖြစ်သည်။ ဩစတြေးလျအနေဖြင့်လည်း တရုတ်နိုင်ငံနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး လုပ်ဆောင်သွားမည်ဆိုလျှင် ကန့်သတ်ချက်များ ပြေလျော့လာစေမည်ဖြစ်သည်။

အယ်ဘန်နီစ်သည် တရုတ်နိုင်ငံနှင့် ချဉ်းကပ်နိုင်ရေးအတွက် မတူညီသောမူဝါဒများ ချမှတ်ကျင့်သုံးလျက်ရှိသည်။ အထူးသဖြင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ မော်ရစ်စင်၏ တရုတ်ဆန့်ကျင်ရေးဝါဒသည် ၂၀၂၂ ခုနှစ် ရွေးကောက်ပွဲ၌ ၎င်း၏ပါတီရှုံးနိမ့်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲ၌ တရုတ်နွယ်ဖွား ဩစတြေးလျနိုင်ငံသားများသည် လေဘာပါတီကို မဲပေးခဲ့ကြသည်။ ထို့ကြောင့်အစိုးရသစ်သည် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ထူထောင်ရန် ရွေးချယ်ခဲ့သည်။

မည်သို့ပင်ဆိုစေ တရုတ်နှင့် ဩစတြေးလျတို့ကြားတွင် လူ့အခွင့်အရေး၊ ဒေသလုံခြုံရေး၊ ပစိဖိတ်ကျွန်းနိုင်ငံများနှင့်ဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ မတူကွဲပြားမှုများရှိနေဆဲပင်ဖြစ်သည်။ ထို့ပြင် အမေရိကန်၏ အဓိကမဟာမိတ်ဖြစ်သော ဩစတြေးလျနိုင်ငံသည် အမေရိကန်၏တရုတ်မူဝါဒကို ဆန့်ကျင်သွားဖွယ်ရာမရှိပေ။ အမေရိကန်သည် တရုတ်နိုင်ငံအပေါ် ထိန်းချုပ်ရေးနှင့် စနစ်တကျယှဉ်ပြိုင်ရေးဝါဒကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့် အယ်ဘန်နီစ်သည် တရုတ်နိုင်ငံ၏မူဝါဒနှင့် လူ့အခွင့်အရေး၊ အမေရိကန်နှင့်ဆက်ဆံရေးကဲ့သို့သော အရေးပါသည့် နိုင်ငံရေးအာဂျင်ဒါများကြားတွင် ဟန်ချက်ထိန်းညှိကာ တရုတ်နိုင်ငံနှင့် တဖြည်းဖြည်းချင်း ထိတွေ့ဆက်ဆံသွားရန်ပင်ဖြစ်သည်။

ထို့ကြောင့် ကျောက်မီးသွေးတင်သွင်းခွင့်အပေါ် တားမြစ်မှုများရုပ်သိမ်းခြင်းသည် တရုတ်အနေဖြင့် ဩစတြေးလျ၏အစိုးရသစ်နှင့်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် နိုင်ငံရေးရည်မှန်းချက်တစ်ရပ်ပင်ဖြစ်ပေသည်။ တရုတ်နှင့်ဩစတြေးလျကြား ကာလအတန်ကြာ နိုင်ငံရေးမတူကွဲပြားမှုများ ဖြစ်ပေါ်ပြီးနောက် အပြန်အလှန်ထိတွေ့ဆက်ဆံမှုသည် အဆင့်သစ်တစ်ရပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အနာဂတ်တွင် ဩစတြေးလျနိုင်ငံမှ ကျောက်မီးသွေးအပြင် အခြားကန့်သတ်ထားသောဝိုင်နှင့် အသားတို့ကိုလည်း နှစ်နိုင်ငံ နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးတိုးတက်မှုအပေါ် မူတည်၍ ပြန်လည်ရုပ်သိမ်းပေးသွားဖွယ်ရာရှိနေသည်။

**ကိုးကား**

- **What's Behind China's Resumed Imports of Australian Coal? by The Diplomat.**

# ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့ကရိတ် ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် မင်းရွာကျေးရွာအုပ်စု ကော့ဘိန်းကျေးရွာ၌ ကုန်ထုတ်လမ်းနှင့်တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုးနှင့် ခရိုင်အင်ဂျင်နီယာအစုအဖွဲ့ဝင်များ၊ မြို့နယ်တာဝန်ရှိသူများက ကော့ဘိန်းကျေးရွာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်ခြင်း၊ Box Culvert တံတားနှင့် Pipe Culvert တံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေး မှာကြားသည်။

ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၅ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် ၂ ပေ ၉ လက်မ ခင်းခြင်းနှင့် Box Culvert တစ်စင်းတည်ဆောက်ခြင်း၊ RC ပေ ၂၀ တံတားနှစ်စင်း တည်ဆောက်ခြင်း၊ Pipe Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၉ ဒသမ ၂၃၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေဥက္ကကြယ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းနှင့်တံတားများ ဆောင်ရွက်ပြီးပါက ကျေးရွာ၏ လယ်ယာထုတ်ကုန်ဈေး ၁၀၀ ကျော်အကျိုးပြုမည်ဖြစ်ကြောင်း ကော့ကရိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုးက ပြောပြ၍ သိရသည်။

**နိုးနိုးကျော်**

# ကျောက်တံတားမြို့နယ် The Collector Art Gallery ပန်းချီပြခန်းတွင် Star Seven Collection အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာ ခုနစ်ဦး၏ Star Seven Collection အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း တာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ သိန်းရွှေကြည်၊ ပန်းချီ သက်မွန်၊ ပန်းချီ စောစတီး၊ ပန်းချီ ရွှေရိုးရာ၊ ပန်းချီ ဥမ္မာ၊ ပန်းချီ နီပိုဦး၊ ပန်းချီ ကံကောင်းတို့၏ ပန်းချီကား ၃၅ ကားကို ဇန်နဝါရီ ၂၅ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပန်းချီဈေးကွက်ထဲမှာ ဝယ်ယူစုဆောင်းသူတွေ သိရှိပြီးဖြစ်တဲ့ ပန်းချီဆရာခုနစ်ယောက်ရဲ့ လက်တလောရေးဆွဲထားတဲ့ ပန်းချီကားအသစ်တွေကို ပြသပေးမှာဖြစ်ပါတယ်။ အားလုံး ပန်းချီကား ၃၅ ကားဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲ အစုံအလင်ပြသမှာဖြစ်ပါတယ်။ ပန်းချီကားရဲ့ အကြောင်းအရာတွေကလဲ စုံလင်ပါတယ်။ လက်ရှိ ပန်းချီကားဈေးကွက်ကလဲ စုဆောင်းသူတွေ အကြောင်းအရာစုံ၊ လက်ရာစုံ စုဆောင်းနေတဲ့အတွက် စုစည်းနိုင်သလောက် စုစည်းပြသတာပါ" ဟု ဒေါ်ကေဇာဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိ ရှိကြောင်း သိရသည်။ ASH

# မာဗယ်စတူဒီယို၏ စူပါဟီးရိုးဇာတ်ကားများ တရုတ်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသခွင့်ရရှိ

**နယူးယောက် ဇန်နဝါရီ ၂၂**

မာဗယ်စတူဒီယို၏ Black Panther: Wakanda Forever နှင့် Ant Man and The Wasp: Quantumania စူပါဟီးရိုးဇာတ်ကားများကို လာမည့် ဖေဖော်ဝါရီလအတွင်း တရုတ်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသခွင့်ရရှိထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်ရုပ်ရှင်ဈေးကွက်၌ နောက်ဆုံးပြသနိုင်ခဲ့သော မာဗယ်စူပါဟီးရိုးဇာတ်ကားမှာ Avengers: Endgame ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် တရုတ်နိုင်ငံသည် မာဗယ်စူပါဟီးရိုးဇာတ်ကားများကို တရုတ်ရုပ်ရှင်ဈေးကွက်အတွင်း ရုံတင်ပြသခွင့်မပြုခဲ့ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Black Panther: Wakanda Forever ဇာတ်ကားကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတကာရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ခဲ့ပြီး Ant Man and The Wasp: Quantumania ဇာတ်ကားကိုမူ ဖေဖော်ဝါရီ ၁၇ ရက်တွင် ရုံတင်ရန် မာဗယ်က စီစဉ်ထားသည်။

တရုတ်ရုပ်ရှင်ဈေးကွက်၌ မာဗယ်စူပါဟီးရိုးဇာတ်ကားများ ပြန်လည်ရုံတင်နိုင်မှုသည် မာဗယ်စတူဒီယို၏ ရုပ်ရှင်ဈေးကွက်ဝင်ငွေပိုကောင်းလာမည့်အလားအလာကို ကိုယ်စားပြုကြောင်း သိရသည်။ KKO



# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာသိမ်းငှက်ရုပ်များ ပေးပို့လျက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၂၂**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာသိမ်းငှက်ရုပ်များ ပေးပို့လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများဖွင့်လှစ်ထားသည့် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိရာ ဇန်နဝါရီလတတိယပတ်တွင် သိမ်းငှက်ရုပ်များကို မှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

"ပြည်ပက မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးစခန်းကနေ ပေးပို့လျက်ရှိပါတယ်။ ဇန်နဝါရီလတတိယပတ်ထဲမှာ အမှာတက်လာတာကတော့ အမြင့် ၁၉ လက်မရှိတဲ့ သိမ်းငှက်ပန်းပုရုပ်တွေကို အော်ဒါရထားပါတယ်။ အသားကတော့ ပိတောက်သား၊ ယမနေသားဖြစ်ပါတယ်။ ဒီလမကုန်ခင် သိမ်းငှက်ပန်းပုရုပ် ၂၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ သိမ်းငှက်ပန်းပုရုပ်တစ်ရုပ်ကို ငွေကျပ် ၈၅၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ASH

# Naked Gun ဇာတ်ကားရိုက်ကူးရေး ယခုနှစ် နွေရာသီအတွင်း စတင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၂၂**

Naked Gun ဟာသရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် နွေရာသီအတွင်း Paramount ရုပ်ရှင်ကုမ္ပဏီက စတင်ဖွယ်ရှိကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Naked Gun ဇာတ်ကား စတင် ရိုက်ကူးနိုင်မည့်အချိန်ကို အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် မင်းသား လီအမ်နီဆင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် Paramount ရုပ်ရှင်ကုမ္ပဏီအနေဖြင့် အဆိုပါဇာတ်ကားရိုက်ကူးရေးကို စတင်နိုင်ရန် ဇာတ်ညွှန်းကို စောင့်နေကြောင်း မင်းသားလီအမ်နီဆင်က ဆက်လက်ပြောကြားသည်။

Naked Gun ဇာတ်ကားသည် ကမ္ဘာကျော်ဟာသဇာတ်ကားများဖြစ်သည့် Naked Gun ဇာတ်ကားများကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

မင်းသား လီအမ်နီဆင်သည် အဆိုပါဇာတ်ကား၌ Naked Gun အဓိကဇာတ်ကောင် ရဲအရာရှိ ဖရင့်ဒရီဘင်၏သား ဖရင့်ဒရီဘင်ဂျူနီယာအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။KKO



# ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ပုဒ္ဓပူဇနီယပွဲတော်ကို ထမနဲထိုးပြိုင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာဝိဇယစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ဖေဖော်ဝါရီ ၅ ရက်)ထိ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် နှစ်စဉ်ပါဝင်မြဲဖြစ်သည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း ယခုနှစ်တွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးမှာ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကိုတော့ ဖေဖော်ဝါရီ ၃ ရက် ညနေ ၄ နာရီမှာ စတင်ကျင်းပမှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင်၊ ကမာရွတ်ခရိုင်နဲ့ မရမ်းကုန်းခရိုင်အတွင်းရှိ မြို့နယ်တွေက အသင်းအဖွဲ့တွေအပါအဝင် စုစုပေါင်းအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကတော့ ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီမှာ မြတ်စွာဘုရားအမှူးရှိတဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးတွေ၊ ဩဝါဒါစရိယ ဆရာတော်ကြီးတွေ၊ ဒဂုံမြို့နယ်၊ ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးစုစုပေါင်း ၄၅ ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူမှာဖြစ်ပါတယ်"ဟု ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။ ASH

# Over 73,000 locals and foreigners visited Kyaikhtiyo Pagoda from October to December last year


The magnificent Kyaikhtiyo Pagoda in Mon State.

**Kyaikhto January 22**

More than 73,000 local and foreign pilgrims came to the Kyaikhtiyo Pagoda in Mon State from October to December in 2022, according to sources from the pagoda board of trustees.

The Kyaikhtiyo Pagoda festival is one of the longest festivals held in Myanmar yearly. It's Buddha Pujaniya Festival is held for seven months yearly from full moon day of Thadingyut to full moon day of Kason.

Last year also, the festival started on 9 October and will end on 3 May lasting for seven months. The festival attracts both local and foreign visitors. Since October, there have been visitors to the pagoda. There were 33,057 local visitors from 9 to 31 October, 11,362 local visitors in November and 28,226 local visitors in December totalling 72,645. During period, foreigners from various countries such as China, Thailand, Korea, the US, England, Brazil, Vietnam and Cambodia. There were 85 foreigners in October, 193 in November and 314 in December totalling 592. Therefore, from 9 October to December last year, 73,237 local and foreign visitors came to the Kyaikhtiyo Pagoda.

The pagoda board of trustees have arranged accommodation, meals and security for the convenience of visitors. 336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Low- and affordable-cost apartments from Aung Myint Mo and Thilawa housing projects to be sold this month

**Yangon January 22**

Low and affordable apartment units from Aung Myint Mo and Thilawa housing projects will be sold in January, according to sources released by the Ministry of Construction on 17 January.

A total of 204 units from Aung Myint Mo affordable housing project and Thilawa low-cost housing project implemented by the Housing Development Department under the Ministry of Construction are due to be sold this month.

A buyer must have deposited K3 million and above at the Construction, Housing and Infrastructure Development Bank. Those apartments will be sold with low-interest loans. Details will be announced on the DUHD Sale Housing Facebook Page.


A housing complex in Yangon.

For further information, contact the Urban and Housing Development Department (Ph: 018-392524 or 018-245686). Aung Myint Mo affordable housing project was implemented in Dagon (South) Township and Thilawa low-cost housing project in Thilawa near Thanlyin Technological University in Kyauktan Township, Yangon Region. 336

# Lablab beans get good prices in compared with green grams due to good demand and low stock

**Nay Pyi Taw January 22**

The prices of lablab beans are even better than the prices of green grams as there is demand in the domestic and foreign markets, and there is little stock of old beans in the market, according to the bean traders and bean wholesale dealers from Bayintnaung Commodity Market in Yangon.

This year, purchases of consumer markets, bean fried industries and export industries increased.

In addition, the domestic bean market also has a shortage of old bean crops.

Therefore, lablab bean crop prices have risen significantly compared to the previous year.

Last year, as the prices were falling, the price of one bag of lablab beans was only about 30,000 kyats, but this year, the price of one bag of lablab beans was over 70,000 kyats or Bout 80,000 kyats.

Myanmar exported lablab beans worth US$ 3.180 million through maritime trade route and US$ 1.257 million via border trade route from April 1, 2022 to December 30, 2023.

336

# 16 agricultural companies, more than 2,000 farmers sign agreement on contract farming in Yangon Region

**Yangon January 22**

More than 2,000 farmers signed the agreement with 16 agricultural companies to operate contract farming to grow summer and green gram in Yangon Region, said deputy director U Soe Thein of Yangon Region Agriculture Department.

With regard to the agreement, agricultural companies need to provide some K200,000 for such necessary inputs as quality strains of seeds, pesticides and fertilizer per acre to the farmers and purchase summer paddy at street price at the harvest time.

"Currently, a plan was set to grow 20,000 acres of green gram. So, local farmers signed the agreements with six agricultural companies and two cooperative syndicates in mutual interests. So far, signing contracts have been purposed for more than 15,000 acres of farmlands. We earmark to grow 30,000 acres of summer paddy but signed the contracts for cultivation of summer paddy on over 10,000 acres of farmlands. So, more than 2,000 farmers signed agreements with 16 companies," said U Soe Thein.

Under the mutual interests in the contract farming system, the farmer group, agricultural companies and exporter companies sign the agreements with officials from the Department of Agriculture and the Department of Cooperative as witnesses.

The contract farming system covers farmlands in Thanlyin, Kyauktan, Thongwa and Kayan townships of Yangon Region to grow green gram and in Dala, Twantay, Kawhmu, Kungyangon, Taikkyi, Hmawby and Hlegu townships to cultivate summer paddy. ASH


Photo shows a large stretch of farm.

# Govt. plan to sell teak logs, hardwood logs and split teak logs through an auction system in Jan


Sawn timbers.

**Yangon January 22**

Teak logs, hardwood logs and split teak logs will be sold through an open auction system during this January, according to reports from the Myanma Timber Industry released on January 17.

Currently, Myanmar is implementing a forest management system that makes the forest resources sustainable in order to prevent the deforestation of the country and to make the forests of Myanmar green again.

The use of wood resources is also limited to the minimum requirement, prioritizing forest protection and conservation.

The timber produced from such extraction operations is also manufactured and distributed as value-added finished timber products, generating domestic and foreign income and creating employment opportunities for the locals.

Export Marketing and Milling Department under the Myanma Timber Industry will sell teak logs, hardwood logs and split teak logs through an open auction system at Myanma Timber Industry Headquarters in Gyogone, Insein Township on January 31.

The amount of timber to be sold is about 1,000 tons of teak logs, 3,007 tons of hardwood logs, and 113 tons of teak lumber. 336

# US files: Six more classified documents seized at Biden home

**Washington January 22**

US Department of Justice (DoJ) investigators have found six more classified documents during a 13-hour search of President Joe Biden's home in Delaware, a lawyer for Mr Biden says.

Some documents seized at the Wilmington property on Friday were from his time as a senator and others from his tenure as vice-president under Barack Obama.

Lawyer Bob Bauer said "personally handwritten notes" and "surrounding materials" were also taken away.

Mr Biden and his wife were not present.

The president offered access "to his home to allow DoJ to conduct a search of the entire premises for potential vice-presidential records and potential classified material", Mr Bauer said in a statement on Saturday.

Former President Donald Trump is facing a criminal investigation for allegedly mishandling classified files.

Earlier this month Mr Biden's lawyers said a first batch of classified documents had been found on 2 November at the Penn Biden Center, a think-tank the president founded in Washington DC.

A second batch of records was found on 20 December in the garage at his Wilmington home, while another document was found in a storage space at the house on 12 January, his lawyers said. BBC

# Strawberry sees high demand in Yangon market

**Yangon January 22**

Trading of strawberry gets high demand in the Yangon market, said Ko Arkar Soe, manager of Aung Maha fruit trading in fruit wing of Thiri Mingala market in Hline Township, Yangon Region.

In the domestic wholesale market, strawberry is traded at K10,000 per viss at present. Imported strawberry is also facing high demand.

"This year, sales of strawberry get high prices in the market. This year's price is set at K10,000 per viss compared to K8,000 per viss last year. So, I think prices of strawberry may not decline till March," he added.

Strawberry is cultivated in Myanmar for domestic consumption. Mostly, the plants are grown in the areas of cold season such as PyinOoLwin, Kalaw and Aungban townships.

The fruits can be picked out in January yearly and it can be plunked till the end of April. The plants can yield 1,500 viss per acre but it can be changed depending on the climatic conditions. ASH


Strawberries in baskets for sale at a market.

# Monterey Park shooting: Suspect at large after shooting near LA kills 10

**Los Angeles January 22**

Ten people have died following a shooting at a ballroom dance studio in the Californian city of Monterey Park, police said.

Police say another 10 people are injured and the suspect remains at large.

The shooting happened at about 22:20 local time on Saturday (06:20 GMT on Sunday).

Thousands of people had earlier gathered in the city for the Monterey Park Lunar New Year festival.

The Los Angeles County Sheriff's Department said they are seeking a male suspect who fled the scene but did not provide any other details about him.

Captain Andrew Meyer said that emergency services arrived on the scene and found patrons "pouring out of the location screaming".

Officers then confirmed 10 people had died.

At least 10 others have been injured and are in local hospitals, where their conditions vary from stable to critical.

Investigators said there was no clear motive and it was too early to say whether the incident was being treated as a hate crime.

They confirmed that Sunday's Lunar New Year festival events had been cancelled.

BBC




# Plan underway to establish e-market platform for development of MSME

**Mandalay January 22**

An e-market platform is being established through information technology for development of micro, small and medium scale enterprises in Mandalay Region, said director U Myo Htut Swe of Mandalay Region Industrial Supervision and Inspection Department.

The e-market platform aims to implement five objectives. Moreover, it purposes for enabling the MSME to seek the wider market shares in the region and apply digital marketing system in line with the current era.

"This fiscal year, we are trying to establish an e-market platform through information technology. As the government is encouraging development of digital marketing system so as to develop the SME industries, we will implement the e-market platform with five objectives: to widen market of SME businesses, join digital marketing system, improve its functions, exchange information among SME businesses across the nation, and to contact relevant departments of the State in a short time," he explained.

Moreover, the department disburses loans and technical assistance to the businesspersons, give training to workers to be skillful, and hold market expos and exhibitions for grasping market share for MSME businesses. 185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက တပ်ဖွဲ့ဝင်အင်အား ၁ ဒသမ ၅ သန်းထိ တိုးမြှင့်ဖွဲ့စည်းခြင်းကို ၂၀၂၆ ခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်မည်



ရုရှားနိုင်ငံသည် စစ်ဘက်တပ်ဖွဲ့ဝင်အင်အားကို ၁ ဒသမ ၅ သန်းထိ တိုးမြှင့်လျက်ရှိကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ချမှတ်ခဲ့ခြင်းဖြစ်သည်။ ရုရှားဖက်ဒရေးရှင်း၏ ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်၌ စစ်အင်အားတိုးမြှင့်ဖွဲ့စည်းသွားမည့်အချက်ကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ရုရှားတပ်မတော်သည် အဆိုပါအင်အားတိုးချဲ့ဖွဲ့စည်းခြင်းကို ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းမှ ယာယီသိမ်းပိုက်ထားသည့်နယ်မြေများမှ တပ်ဖွဲ့ဝင်များနှင့်အတူ Moscow နှင့် Leningrad ဟုအမည်ပေးထားသည့် စစ်ဘက်ဒေသခရိုင်အသစ်များကိုဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံသည် Karelia ဒေသ၌ မြေပြင်အခြေစိုက်တပ်ဖွဲ့များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ယာဉ်တင်ရိုင်ဖယ်တပ်မ သုံးခုနှင့် လေကြောင်းချီတပ်မ နှစ်ခုအပြင် တပ်မကြီး (တပ်တော်)တစ်ခုကိုဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် Karelia ပြည်သူ့သမ္မတနိုင်ငံ၏ အနောက်ပိုင်း၊ အလယ်ပိုင်း၊ အရှေ့ပိုင်း စစ်ဒေသခရိုင်များနှင့် မြောက်ပိုင်းစစ်ရေယာဉ်စုတို့တွင် ယာဉ်တင်ရိုင်ဖယ်တပ်မဟာခုနစ်ခုကို ဖွဲ့စည်းရန် စီစဉ်ထားရှိသည်။

ထို့ပြင် ၎င်းတို့သည် ရုရှားရေတပ်၊ လေကြောင်းချီတပ်ဖွဲ့နှင့် မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးအင်အားစုများကိုလည်း ပိုမိုအားကောင်းလာစေရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

စစ်သည်အင်အားတိုးပွားလာသည်နှင့်အမျှ တပ်ဖွဲ့ဝင်များ၏လက်တွေ့လေ့ကျင့်မှုစွမ်းဆောင်ရည်များ တိုးမြှင့်လာစေရန် လေ့ကျင့်ရေးကွင်းများကိုလည်း ထပ်တိုးတည်ဆောက်သွားမည်ဖြစ်သည်။

ရုရှား၏ စစ်ရေးလေ့ကျင့်ရေးဌာနများတွင် စစ်ဘက်ဆိုင်ရာအထူးကျွမ်းကျင်သူများက သင်ကြားပေးမည့် လက်ရှိလေ့ကျင့်ရေးသင်တန်းများကို ပြင်ဆင်ပြောင်းလဲရေးဆွဲ၍ အရေအတွက်နှင့်အချိန်ကာလကို တိုးမြှင့်သတ်မှတ်ပေးသွားမည်လည်းဖြစ်သည်။

ရုရှားနိုင်ငံသည် ကြည်းတပ် တပ်ဖွဲ့အင်အားတိုးမြှင့်ဖွဲ့စည်းရန်အတွက် တပ်ဖွဲ့ဝင် ၂ သန်းကို ရုရှားသမ္မတ၏ စီမံမှုဖြင့် စစ်စည်းရုံး၊ စုဆောင်းမှုများပြုလုပ်ခဲ့ကြောင်း မကြာသေးမီအချိန်ကပင် ယူကရိန်းနိုင်ငံ အစိုးရစစ်ဘက်ထောက်လှမ်းရေးအေဂျင်စီ၏ ထုတ်ပြန်ထားချက်များအရ သိရသည်။

လက်ရှိတွင် စစ်စည်းရုံး၊ စုဆောင်းမှုများကို ထိန်းညှိ၊ ဆောင်ရွက်ပေးနိုင်မည့် ရုရှားဖက်ဒရေးရှင်းရှိ စစ်ဘက်ဆိုင်ရာဥပဒေများပါ ပြုပြင်ပြောင်းလဲ၊ ပြင်ဆင်ထုတ်ပြန်လျက်ရှိသည်။ ထို့ကြောင့် ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် စွမ်းဆောင်ရည်မြင့်မားသော စစ်ရေးလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နောက်ထပ်တပ်ဖွဲ့ဝင်အင်အား ၅၀၀၀၀၀ ကို စစ်စည်းရုံးရန်စီစဉ်လျက်ရှိပြီး အဆိုပါတပ်ဖွဲ့ဝင်များဖြင့် မဟာဗျူဟာမြောက်အရန်အင်အားတပ်ဖွဲ့များကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ယူကရိန်းနိုင်ငံ အစိုးရစစ်ဘက်ထောက်လှမ်းရေးအေဂျင်စီက ပြောကြားခဲ့သည်။

**https:// mil.in.ua/ en/ news/ russia will increase the military to 1.5 million by 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က အရန်တပ်ဖွဲ့စစ်ရေးလေ့ကျင့်မှုများတွင် အမျိုးသမီးများကို ပထမဆုံးအကြိမ်ပါဝင်စေခဲ့

တရုတ်(တိုင်ပေ)စစ်ဘက်သည် တရုတ်၏ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန်နှင့် ၎င်း၏တပ်ဖွဲ့ဝင်များကို အားကောင်းစေရန် ကြိုးပမ်းနေမှုများကြောင့် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးများကို အရန်တပ်ဖွဲ့စစ်ရေးလေ့ကျင့်မှုများတွင် ထည့်သွင်းဆောင်ရွက်စေရန် ဇန်နဝါရီ ၁၇ ရက်တွင် ကြေညာခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ၊ ဒီမိုကရက်တစ် တရုတ်(တိုင်ပေ)သည် တရုတ်ကျူးကျော်လာနိုင်မှုအပေါ် အဆက်မပြတ်ကြောက်ရွံ့မှုအောက်တွင် နေထိုင်လျက်ရှိပြီး လိုအပ်ပါက အင်အားသုံး၍ တစ်နေ့တွင် သိမ်းပိုက်သွားရမည့်ကျွန်းဖြစ်ကြောင်း ပေကျင်းက အခိုင်အမာပြောကြားခဲ့သည်။

တရုတ်သမ္မတ Xi Jinping လက်ထက် မကြာသေးမီနှစ်များအတွင်း တရုတ်၏စစ်ဘက်ဆိုင်ရာခြိမ်းခြောက်မှုများသည် ပိုမိုပြင်းထန်လာခဲ့ပြီး ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးကြောင့် တရုတ်သည်လည်း အလားတူ အတုခိုးလုပ်ဆောင်လာနိုင်မည့်အပေါ် တရုတ် (တိုင်ပေ)တွင် စိုးရိမ်မှုများ ပိုမိုနက်ရှိုင်းလာခဲ့သည်။

တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက အလုံးစုံကျောထောက်နောက်ခံအင်အားမြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ယခုနှစ် ဒုတိယသုံးလပတ်မှစ၍ စေတနာ့ဝန်ထမ်းအရန်တပ်ဖွဲ့များလေ့ကျင့်ရေးသင်တန်းများတွင် အမျိုးသမီးစစ်သည် ၂၀၀ ခန့်ကို စာရင်းသွင်းခွင့်ပြုမည်ဟု ပြောကြားခဲ့သည်။

"ဒီနှစ်ဟာ အရန်တပ်ဖွဲ့လေ့ကျင့်ရေးမှာ အမျိုးသမီးတွေပါဝင်ဖို့ ပထမဆုံးနှစ်ဖြစ်ပြီး ဒီနှစ်ကတော့ စမ်းသပ်တဲ့အစီအစဉ်ဖြစ်ပါတယ်"ဟု ဝန်ကြီးဌာန၏တပ်သားသစ် စုဆောင်းဖွဲ့စည်းရေးအေဂျင်စီမှ ဗိုလ်မှူးချုပ် Yu Wencheng က ပြောကြားခဲ့သည်။

လျှောက်ထားသူ ဦးရေအလိုက် လေ့ကျင့်မှုစွမ်းရည်ကို စီစဉ်ပေးမည်ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင်အစီအစဉ်များသည် အရန်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးစွမ်းရည်များမြှင့်တင်ရာတွင် ကူညီရန်နှင့် အရန်တပ်များ ပြန်လည်လေ့ကျင့်ရေးကို ထိရောက်မှုရှိစွာပြုလုပ်နိုင်စေရန် ရည်ရွယ်သည်ဟု ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

လက်ရှိအမျိုးသမီးများသည် လက်နက်ကိုင်တပ်ဖွဲ့များတွင် စေတနာ့ဝန်ထမ်းအနေဖြင့်သာ တာဝန်ထမ်းဆောင်နိုင်ဦးမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)အမျိုးသားများသာ တရားဝင်စစ်မှုထမ်းရန်နှင့် အရန်တပ်ဖွဲ့လေ့ကျင့်သင်တန်းတက်ရောက်ရေး မဖြစ်မနေလုပ်ရန် လိုအပ်မည်ဖြစ်သည်။

စစ်ရေးလေ့လာသုံးသပ်သူ အများအပြားက တရုတ်(တိုင်ပေ) ကို ၎င်း၏ အရန်အင်အားမြှင့်တင်ရန်နှင့် အရပ်ဘက်ပြည်သူလူထုများ ကာကွယ်ရေးအတွက် ပြင်ဆင်ရန်၊ အမျိုးသမီးများကို လေ့ကျင့်ခွင့်ပေးခြင်းအပါအဝင် ပိုမိုလုပ်ဆောင်ရန် တိုက်တွန်းထားသည်။



ပြီးခဲ့သည့်လတွင် တရုတ်(တိုင်ပေ)သည် အမျိုးသားများအတွက် မဖြစ်မနေစစ်မှုထမ်းရမည့်ကာလကို လေးလမှ တစ်နှစ်ထိ တိုးမြှင့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အချို့သောလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသမီးများကို မဖြစ်မနေစစ်မှုထမ်းသည့်ပုံစံဖြင့် အဆိုပြုထားသည်။

တရုတ်(တိုင်ပေ)၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်သည့် တရုတ်(တိုင်ပေ) သမ္မတ Tsai Ingwen က ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်များအတွက် ဒီမိုကရေစီနည်းလမ်းကျသော ဘဝနေထိုင်မှုပုံစံကို သေချာစေရန် စစ်မှုထမ်းသက်တမ်းတိုးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

"စစ်ပွဲကို ဘယ်သူမှမလိုလားကြပေမဲ့ ငါ့နိုင်ငံသူ၊ နိုင်ငံသားတွေငြိမ်းချမ်းမှုဟာ ကောင်းကင်ကကျမလာပါဘူး။"ဟု Tsai Ingwen က ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)သည် တောင်ထူထပ်သောကျွန်းတစ်ခုဖြစ်ပြီး ကျူးကျော်စစ်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ကို တင်ပြနိုင်သော်လည်း မြေပြင်တပ်ဖွဲ့ဝင် ၈၉၀၀၀ ဖြင့် တရုတ်နိုင်ငံ၏ တပ်ဖွဲ့ဝင်တစ်သန်းနှင့်နှိုင်းယှဉ်ပါက ကြီးမားစွာကွာဟချက်ရှိနေကြောင်း ပင်တဂွန်၏ ခန့်မှန်းချက်အရ သိရသည်။

တရုတ်(တိုင်ပေ)နှင့် တရုတ်တို့သည် ၁၉၄၉ ခုနှစ် တရုတ်ပြည်တွင်းစစ် ပြီးဆုံးချိန်တွင် ပြိုကွဲခဲ့ကာ တရုတ်နိုင်ငံ၏အစိတ်အပိုင်းဖြစ်လာခြင်းသည် တရုတ်(တိုင်ပေ)ပြည်သူတို့လက်ခံနိုင်စရာမရှိဟု Tsai က ပြောကြားခဲ့သည်။

**Taiwan to Allow Women Into Reservist Training for First Time ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်တွင် နွေစပါး ၂၆၈၀၈ ဧက စိုက်ပျိုးသွားမည်



**လပွတ္တာ ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၂၆၈၀၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး လျာထား ၂၆၈၀၈ ဧကကို လာမည့် ဖေဖော်ဝါရီလပထမပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါ နွေစပါးလျာထား ၂၆၈၀၈ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး လယ်မြေသားပြုပြင်ထွန်ယက်သည့် လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်နေကြောင်း၊ နွေစပါးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“လပွတ္တာတစ်မြို့နယ်လုံးမှာ နွေစပါးတွေကို လာမဲ့ဖေဖော်ဝါရီလပထမပတ်မှာ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ ယခုနှစ် နွေစပါး ၂၆၈၀၈ ဧကကို လျာထားစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးထားပါတယ်။ နွေစပါးတွေ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးထားပါတယ်”ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် နွေစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ခြင်း၊ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေငန်တားတာများ တည်ဆောက်ပေးခြင်း၊ ရေစိမ့်ပေါက် ရေထွက်ပေါက်များရှာဖွေခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)များ စိုက်ပျိုးပြီး မြေဩဇာအဖြစ်ထည့်သွင်းအသုံးပြုပေးထားခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန်တုံမြို့နယ် ကျန်ကားကျေးရွာကုန်ထုတ်လမ်းတွင် ကွန်ကရစ်တံတားနှင့် Slab Culvert တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မန်တုံ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်တုံမြို့နယ် ကျန်ကားကျေးရွာ ကုန်ထုတ်လမ်းတွင် ကွန်ကရစ်တံတားနှင့် Slab Culvert တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေး၊ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက မန်တုံမြို့နယ် ကျန်ကားကျေးရွာကုန်ထုတ်လမ်း၌ ကွန်ကရစ်တံတား တစ်စင်းနှင့် Slab Culvert ခြောက်စင်း တည်ဆောက်ပြီးစီးမှုကိုစစ်ဆေးကြပြီး သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ဒေသဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



မန်တုံမြို့နယ် ကျန်ကားကျေးရွာကုန်ထုတ်လမ်းပေါ်တွင် အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ရှစ်ပေရှိ ကွန်ကရစ်တံတားနှင့် Slab Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁၂ ဒသမ ၃၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးလက်ဒေသထွက် ကုန်ပစ္စည်းများကို မြို့ပေါ်ဈေးကွက်အရောက် တိုက်ရိုက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပဒါန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ပဒါန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦးကို ငွေကျပ် ၄၃၄ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၂၂ ဒသမ ၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ


**၂၂-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၃၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်းသံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် သပြေချောင်းသံကူကွန်ကရစ်တံတား နေရာပြပုံ။












PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် သပြေချောင်းသံကူကွန်ကရစ်တံတားပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်းသံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီခန့်တွင် သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်း သာဂရကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ အရှည် ပေ ၁၃၀၊ အကျယ် ပေ ၂၀ ရှိ သပြေချောင်း သံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးသွားခဲ့ကြောင်း၊ ထိုသို့ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတား၏တောင်ဘက်ခြမ်းမှ ကမ်းကပ်ခုံအနီးတွင် အချင်း ၁၀ ပေ ပတ်လည်ခန့် ကျုံ့ကျပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အများပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ထားသည့် သံကူကွန်ကရစ်ချောင်းကူးတံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျိုးကုန်းကျေးရွာနေ ဝင်းဇော်အောင်(ခ) ဇော်ဝင်းမောင်သည် ၎င်းအသုံးပြုသည့် “Win Zaw Aung” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း (တောင်)ရပ်ကွက်နေ အေးသက်မွန်သည် ၎င်းအသုံးပြုသည့် “Aye Thet Mon” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအတွင်းရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာပုံ။




**နေပြည်တော် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအတွင်းရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမား ဦးရေ ၇၀ ခန့်သည် ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာသို့ ရောက်ရှိလာပြီး နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကြီးနားနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့နယ် လွယ်ခေါ်ကျေးရွာအုပ်စု နမ့်ခမ်းကျေးရွာရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် HIACE အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မနုဒီခိုင်မင်း၊ မမူခိုင်ခင်ဦး၊ မမူဥမ္မာထွေး၊ မမူညိုအေးတို့သယ်ဆောင်လာသည့် ဘိန်းစိမ်း ၁၄ ကီလို ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စု နားဘောင်ကျေးရွာအနီးတွင် ဇော်မင်းထွန်း(ခ)မောင်ဇော်မောင်းနှင့်ပြီး မမိုးထက်ဝေလှိုင်(ခ)ရီဟာနာ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲမြန်ကြား**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ ယာဉ်ပါ၊ ကုန်ပါစာရင်းချုပ်တွင် ကြေညာထားခြင်းမရှိသော High Density Polyethylene ၃၉၈၅၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၁၉၆၈၄ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော မော်တော်ယာဉ်နှစ်စီး နောက်တွဲယာဉ်နှစ်တွဲနှင့် ကုန်သေတ္တာနှစ်လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်အတွင်း တရားမဝင်သစ်မျိုးစုံ သုည ဒသမ ၉၆၇၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၁၇၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၂၆၄၈၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သတ်မှတ်ရက်ထက်ကျော်လွန်၍ လာရောက်ထုတ်ယူခြင်းမရှိသော RANCO MECHANICAL THERMOSTATS အခု ၄၀၀၊ SAMSUNG-CURVED MONITOR လေးလုံး အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၂၁၆၈၅၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော မော်တော်ကားအရှေ့လေကာမှန် အချပ် ၉၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော DONGFENG အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကို လည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တင်သွင်းခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Pudding Cabin Table Lamp ငါးခု၊ Nongfu Spring Water ဘူး ၂၀၀ အပါအဝင် ကုန်ပစ္စည်း အမျိုး ၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၉၁၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော HIGER Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၃၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soy-milk ဗူး ၄၀၊ ၂၆ လက်မ TV နှစ်လုံးအပါအဝင် ကုန်ပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၈၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀ ကို လည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် White Sugar ကီလိုဂရမ် ၁၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၈၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Hyundai Starex အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို လည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၂၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၃၉၈၇၀၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ ၁၃ ခုနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရ

**နေပြည်တော် ဇန်နဝါရီ ၂၂**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ယနေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ ၁၃ ခုနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

**စာမျက်နှာ ၂၂ သို့**

| စဉ် | ကော်/ခွဲရုံး | ရက်စွဲ | အချိန် | ဖြစ်စဉ်အကျဉ်း | ပျက်စီးမှုစာရင်း | ဆုံးရှုံးမှုတန်ဖိုး (ခန့်မှန်း) |
|---|---|---|---|---|---|---|
| ၁ | ပင်လည်ဘူးမြို့နယ် | ၃၁-၁၂-၂၀၂၁ | ၂၀း၄၅ | အကြမ်းဖက်သမားများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မဲရုံသုံးပစ္စည်းများ သိုလှောင် ထားသည့် ဂိုဒေါင်ပေါ်သို့ လက်နက်ကြီး ထိမှန် ပျက်စီးခဲ့သည်။ | သွပ်အမိုး (၁၀) ချပ်ခန့် ပေါက်ပြဲပျက်စီး၊ မဲပုံးအလုံး (၂၀၀) ခန့် ပျက်စီးခဲ့ပါသည်။ | ၀.၆၀ သန်း |
| ၂ | ဖာပွန်ခရိုင် | ၇-၁-၂၀၂၂ | ၁၉း၅၀ | အကြမ်းဖက်သမားများက ဖာပွန်ခရိုင်ကော်မရှင် အဖွဲ့ခွဲရုံး အဆောက်အအုံကို ဗုံးထောင်ဖျက်ဆီး ခဲ့ပါသည်။ | (အလျား ၄၈ပေ၊ အနံ ၃၆ပေ (၁၇၂၈ စတုရန်းပေ) RCတစ်ထပ် မှာ ၁၀၀ %၊ ရုံးပိုင်မော်တော်ဆိုင်ကယ်၊ စက်ကိရိယာ ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ပျက်စီး ဆုံးရှုံးခဲ့ပါသည်။ | ၆၃.၀၅၃ သန်း |
| ၃ | ဖာပွန်မြို့နယ် | ၇-၁-၂၀၂၂ | ၁၉း၅၀ | အကြမ်းဖက်သမားများက ဖာပွန် ခရိုင်ကော်မရှင် အဖွဲ့ခွဲရုံး အဆောက်အအုံကို ဗုံးထောင်ဖျက်ဆီး ခဲ့ပါသည်။ | ဖာပွန်ခရိုင်ရုံးနှင့် ရုံးချင်းကပ်လျက် ဖာပွန် မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ၄၀ %၊ စက်ကိရိယာပစ္စည်း များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၄၇.၆၀၆ သန်း |
| ၄ | ထီးလင်းမြို့နယ် | ၁၃-၄-၂၀၂၂ | | အကြမ်းဖက်သမားများက အဆောက်အအုံများကို လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည်။ | ပြတင်းပေါက် ၃ ခုရှိ မှန်များနှင့် ပြတင်းတံခါးများ ပျက်စီးခြင်း၊ ပေါ်တီကိုတိုင်များ၊ ရုံး အဆောက်အအုံ အတွင်းနံရံများ၊ ရုံးပိုင် မော်တော်ဆိုင်ကယ်များ ပျက်စီးခဲ့ပါသည်။ | ၀.၄ သန်း |
| ၅ | ဆားလင်းကြီးမြို့နယ် | ၁၃-၇-၂၀၂၂ | ၀၅း၄၅ | အကြမ်းဖက်အဖွဲ့များမှ ရုံးအတွင်းသို့ ဝင်ရောက်၍ ရုံးခန်းပတ်လည်ရှိပြတင်းပေါက် များအားရိုက်ခွဲပြီး ဓာတ်ဆီ၊ ရေနံဆီများ လောင်း၍ မီးရှို့ခဲ့ပါသည်။ | ရုံးအဆောက်အအုံမီးလောင်ပျက်စီးခြင်း၊ ပရိဘောဂ ပစ္စည်းများ၊ စက်ကိရိယာပစ္စည်း များမဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၃၉.၅၃၃ သန်း |
| ၆ | ကြာအင်းဆိပ်ကြီးမြို့နယ် | ၁၉-၉-၂၀၂၂ | ၀၃း၄၀ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးကို လက်နက်ကြီး ဗုံးသီးထိမှန်ခဲ့သည်။ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၏ အနောက်ဘက် ပြတင်းပေါက်ပေါ်ရှိ လေကာမှန် ၃ ချပ် နှင့် ရုံးပိုင် မော်တော်ယာဉ် ပျက်စီးခဲ့ပါသည်။ | ၀.၀၂၁ သန်း |
| ၇ | ပုလောမြို့နယ် | ၇-၁၂-၂၀၂၂ | ၁၆း၁၀ | အကြမ်းဖက်သမားများက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် ခဲ့သည်။ | ရုံးရှေ့မျက်နှာစာ အုတ်နံရံနှင့် ပြတင်းပေါက် မှန်များ၊ မျက်နှာကျက် ကျောက်ပြားများ ထိခိုက်ပျက်စီး ခဲ့ပါသည်။ | ၀.၈၄၃ သန်း |
| ၈ | မင်းတပ်မြို့နယ် | | | အကြမ်းဖက်သမားများက ရုံးပိုင် ပစ္စည်းများ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးပိုင် မော်တော်ဆိုင်ကယ်၊ စက်ကိရိယာ ပစ္စည်း၊ ပရိဘောဂပစ္စည်းများ၊ ရုံးအဆောက်အအုံ အစိတ်အပိုင်းအချို့ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရပါသည်။ | ၁၁.၆၀၂ သန်း |
| ၉ | ကန်ပက်လက်မြို့နယ် | | | အကြမ်းဖက်သမားများက စက်ကိရိယာ ပစ္စည်းများ ဖျက်ဆီးခဲ့သည်။ | စက်ကိရိယာ ပစ္စည်းများ ဖျက်ဆီး ခံခဲ့ရပါသည်။ | ၃.၄၂ သန်း |
| ၁၀ | ဒီးမော့ဆိုမြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲ/ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အအုံစက်ကိရိယာ ပစ္စည်းများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်၊ ပရိဘောဂ ပစ္စည်းများနှင့် မဲရုံသုံးပစ္စည်း များပျက်စီး ဆုံးရှုံးခဲ့ပါသည်။ | ၆၀.၅ သန်း |
| ၁၁ | ဖရူဆိုမြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အအုံများကို မိုင်းထောင် ဖောက်ခွဲ / မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အအုံ ရုံးပိုင်မော်တော် ဆိုင်ကယ်များ၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် မဲရုံသုံးပစ္စည်းများ ပျက်စီး ဆုံးရှုံးခဲ့ပါသည်။ | ၇၁.၅၈ သန်း |
| ၁၂ | ထန်တလန်မြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အအုံများကို မိုင်းထောင် ဖောက်ခွဲ/ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အအုံ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ရုံးပိုင်မော်တော် ဆိုင်ကယ်များ ပျက်စီးဆုံးရှုံး ခဲ့ပါသည်။ | ၆၄.၁၂၅ သန်း |
| ၁၃ | တမူးခရိုင် နှင့် မြို့နယ် | ၁၉-၁-၂၀၂၃ | ၀၉း၃၀ | အကြမ်းဖက်သမားများက တမူး ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသို့ ဝင်ရောက်၍ မီးရှို့ဖျက်ဆီး ခဲ့သည်။ | ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံတံခါးရွက် ၁ ချပ်၊ ပြတင်းတံခါး ၁ ချပ်၊ မြို့နယ်၊ ကော်မရှင်အဖွဲ့ခွဲရုံး ပြတင်းတံခါး ၁ ချပ်၊ ပြတင်ပေါက်မှန်၊ ဝါယာ မီးကြိုးများ၊ မျက်နှာကျက်များ ပျက်စီးခဲ့ပြီး ၂၄ ပေ၊ ၂၄ ပေ ပျဉ်ခင်း၊ ပျဉ်ကာ၊ သိပ်မိုး နေအိမ် ၁ လုံး ပျက်စီး ဆုံးရှုံးခဲ့ပါသည်။ | ၃.၃၀၀ သန်း |

**စာမျက်နှာ ၂၁ မှအဆက်**

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဌာနဆိုင်ရာရုံးများကို ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်ထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။



(၇-၁-၂၀၂၂)ရက်နေ့ (၁၉း၅၀)အချိန်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဖားပွန်ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆောက်အအုံအတွင်း ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



(၇-၁-၂၀၂၂)ရက်နေ့ (၁၉း၅၀)အချိန်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဖားပွန်ခရိုင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး(၂) အဆောက်အအုံ၏ အနောက်ဘက်ခြမ်းပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



(၇-၁-၂၀၂၂)ရက်နေ့ (၁၉း၅၀)အချိန်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဖားပွန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွင်းရှိ ဓာတ်ကိရိယာများ ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



မင်းတပ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွင်း ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။





(၇-၁-၂၀၂၂)ရက်နေ့ (၁၉း၅၀)အချိန်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဖားပွန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆောက်အအုံနှင့် မျက်နှာကြက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွင်း မဲရုံသုံးပစ္စည်းများ ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။




တမူးခရိုင်နှင့် တမူးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆောက်အအုံမီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။





ဆားလင်းကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆောက်အအုံနှင့် မဲရုံသုံးပစ္စည်းများ မီးလောင်ကျွမ်းနေမှု မှတ်တမ်းဓာတ်ပုံ။





ပုလောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ပြတင်းပေါက်နှင့် လေကာမှန်ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံများ။

☆ **ကျောဖုံးမှအဆက်**

လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း၏ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ တာဝါတိုင်တစ်တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်တစ်တိုင် ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း ရှစ်ကြိမ်နှင့် တာဝါတိုင်ပေါင်း ၂၃ တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း ၂၁၈ ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# ဟန်ဂေရီနိုင်ငံမြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်သဖြင့် ရေကြီးရေလျှံမှုဖြစ်ပွား



**ဘူဒါပက် ဇန်နဝါရီ ၂၂**

ဟန်ဂေရီနိုင်ငံ မြောက်ဘက်ပိုင်းတွင် ဇန်နဝါရီ ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇန်နဝါရီ ၂၀ ရက်မှစ၍ မြစ်ရေလျှံတက်သဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဟန်ဂေရီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဟန်ဂေရီနိုင်ငံမြောက်ဘက်ပိုင်းတွင် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများ ရေလွှမ်းနေပြီး မော်တော်ယာဉ်များသွားလာခွင့်ကို ယာယီရပ်ဆိုင်းထားရကြောင်း၊ ဟန်ဂေရီနိုင်ငံ မြောက်ဘက်ပိုင်း ဆာဂျိုနှင့် တာနာမြစ်ရေလျှံတက်မှုသည် သက်တမ်းတစ်လျှောက် တတိယမြောက် အဆိုးရွားဆုံးမြစ်ရေလျှံတက်မှု ဖြစ်ပွားနေကြောင်း၊ ရေကြီးရေလျှံမှုသည် ဟန်ဂေရီနိုင်ငံမြောက်ဘက်ပိုင်းနှင့် ဂျို့ဇာဖိုကျေးလက်ဒေသတွင် အဓိကဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း ဟန်ဂေရီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟန်ဂေရီနိုင်ငံရဲ့ရာသီဥတုဟာ ဇန်နဝါရီလဆိုရင် အအေးဓာတ်လွန်ကဲပါတယ်။ မတ်လလောက်မှ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ်ကတော့ ထူးထူးခြားခြားဇန်နဝါရီလအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေတယ်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆာဂျိုနဲ့ တာနာမြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်နေတယ်။ လမ်းမကြီးတွေရေလွှမ်းနေတဲ့အတွက် မော်တော်ယာဉ်ဖြတ်သန်းသွားလာခွင့်တွေ ယာယီပိတ်ထားရတယ်"ဟု ဂျို့ဇာဖိုအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂါဘောဂျွန်နာက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ဘူလ်ဂေးရီးယားနိုင်ငံ ဗရက်ဆာမြို့ကို သဘာဝဘေးအန္တရာယ်အရေးပေါ်အဖြစ် သတ်မှတ်

**ဆိုဖီယာ ဇန်နဝါရီ ၂၂**

ဘူလ်ဂေးရီးယားနိုင်ငံအနောက်မြောက်ဘက်ပိုင်း ဗရက်ဆာမြို့တွင် ဇန်နဝါရီ ၁၉ ရက်က ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဗရက်ဆာ အာဏာပိုင်အဖွဲ့အစည်းက သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်လိုက်သည်ဟု BNT သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်က ရေးသားဖော်ပြခဲ့သည်။

လေတိုက်နှုန်းမှာလည်း တစ်နာရီ ကီလိုမီတာ ၁၄၀ နှုန်းဖြင့် တိုက်ခတ်ခဲ့သည့်အတွက် အန္တရာယ်ရှိသောအခြေအနေဖြစ်ပြီး လေတိုက်နှုန်းကြောင့် ပျက်စီးခဲ့သော အခြေခံအဆောက်အအုံများတွင် ကယ်ဆယ်ရေး ဝန်ထမ်းများက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ဗရက်ဆာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခဲ့သလို လေပြင်းတွေတိုက်ခတ်ခဲ့တဲ့အတွက် မြို့အတွင်းမှာ ပျက်စီးဆုံးရှုံးမှုတွေများခဲ့ပါတယ်။ ပြည်သူပိုင်အဆောက်အအုံနဲ့ လူနေအိမ်ခြေ တော်တော်များများပျက်စီးခဲ့တယ်။ လေတိုက်နှုန်းပြင်းတဲ့အတွက် သစ်ပင်ကြီးတွေလဲကျတာ၊ ဓာတ်တိုင်လဲကျတာတွေလဲဖြစ်ပေါ်ခဲ့တယ်။ လေတိုက်နှုန်း မြင့်မားခဲ့တဲ့အတွက် ဓာတ်တိုင်တွေလဲကျပြီး မြို့ရဲ့လမ်းမ ထက်ဝက်လောက်ထိ လျှပ်စစ်မီးပြတ်တောက်နေတယ်။ ကံကောင်းတာကတော့ ထိခိုက်ဒဏ်ရာရရှိသူ၊ သေဆုံးသူတွေမရှိခဲ့ပါဘူး။ ပျက်စီးဆုံးရှုံးမှုတွေများတဲ့အတွက် ဗရက်ဆာမြို့ကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်လိုက်ပါတယ်။ ဧရိယာတချို့မှာ ရှင်းလင်းရေးလုပ်ငန်းတွေစတင်နေပါပြီ"ဟု ဗရက်ဆာမြို့တော်ဝန် ကာမီနော့ဗ်က ပြောကြားခဲ့သည်။

လေတိုက်နှုန်းအားကောင်းခဲ့ခြင်းကြောင့် ရထားလမ်းတချို့ပျက်စီးကာ ဗီဒင်ဒေသနှင့် မက်ဇ်ဒရာဒေသသို့ပြေးဆွဲနေသည့် မီးရထားခရီးစဉ်များကို ယာယီရပ်ဆိုင်းထားရကြောင်း ဗရက်ဆာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# ကိုလံဘီယာနိုင်ငံတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှု ရပ်ဆိုင်းသွားမည်

**ဘိုဂိုတာ ဇန်နဝါရီ ၂၂**

ကိုလံဘီယာနိုင်ငံတွင် ပိုမိုစိမ်းလန်းသော စီးပွားရေးလုပ်ငန်းများ ဖြစ်စေရန်အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီး Irene Velez က ဇန်နဝါရီ ၂၀ ရက်က ကြေညာခဲ့သည်ဟု The Guardian သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ကိုလံဘီယာနိုင်ငံ သတ္တုတွင်းဝန်ကြီး Irene Velez က နိုင်ငံသည် ရေရှည်တည်တံ့သောကဏ္ဍတစ်ခုစတင်ရန် ရုပ်ကြွင်းလောင်စာသုံးစွဲခြင်းကို ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးပုံစံသစ်ဆီသို့ ဦးတည်ရန် ကြိုးပမ်းသည့်အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းအသစ်များကို ထပ်မံအတည်ပြုတော့မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။

"ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ ရှာဖွေရေး စာချုပ်သစ်တွေကို ထပ်မံခွင့်မပြုဖို့ဆုံးဖြတ်ခဲ့ပြီး ဒါဟာ အလွန်အငြင်းပွားစရာကောင်းနေတဲ့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးမှာ ကျွန်တော်တို့ရဲ့ ကတိကဝတ်ကိုပြသတဲ့ ထင်ရှားတဲ့လက္ခဏာတစ်ခုပါပဲ"ဟု Irene Velez က ပြောကြားခဲ့သည်။



ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ကျင်းပလျက်ရှိသော ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ကမ္ဘာ့ခေါင်းဆောင်များက ကိုလံဘီယာနိုင်ငံအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အပေါ် မှီခိုအားထားနေရမှုမှ ရုန်းထွက်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း Velez က ပြောကြားခဲ့သည်။

သတ္တုတွင်းဝန်ကြီး၏ကြေညာချက်အပေါ် ကိုလံဘီယာသမ္မတ ဂူစတာဗိုပီထရိုက ထောက်ခံခဲ့ပြီး ရုပ်ကြွင်းလောင်စာများ ထုတ်ယူမှု၊ သုံးစွဲမှုကို ရပ်ဆိုင်းခြင်းကြောင့် နိုင်ငံအတွက် လိုအပ်သောစွမ်းအင်လိုအပ်ချက်ကွက်လပ်များကို ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရရှိလာသောအကျိုးအမြတ်များမှတစ်ဆင့် စွမ်းအင်ဝယ်ယူသုံးစွဲခြင်းအပါအဝင် ပြန်လည်ဖြည့်ဆည်းပေးသွားနိုင်လိမ့်မည်ဖြစ်ကြောင်း Irene Velez က ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# ဘရာဇီးနိုင်ငံ ဆန်တာကာတာရီနာပြည်နယ်တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုကြောင့် လူသုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံး

**ဘရာစီးလီးယား ဇန်နဝါရီ ၂၂**

ဘရာဇီးနိုင်ငံတွင် ယခုတစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဆန်တာကာတာရီနာပြည်နယ်တွင် လူသုံးဦးသေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့က ဇန်နဝါရီ ၂၁ ရက်က ကြေညာချက်ထုတ်ပြန်ထားကြောင်း FloodList သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘရာဇီးနိုင်ငံတွင် ယခုတစ်ပတ်အတွင်း မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဆန်တာကာတာရီနာပြည်နယ်ရှိ မြို့နယ် ၂၆ မြို့နယ်တွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး ရီယိုနာဂရီယိုမြို့နှင့် အက်စ်ကာရာမြို့နှစ်မြို့ကို အရေးပေါ်အခြေအနေအဖြစ် ပြည်နယ်အစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ရီယိုနာဂရီယိုမြို့မှ လူဦးရေ ၈၀ ကျော်၏ နေအိမ်များပျက်စီးခဲ့ရပြီး အခြားအဆောက်အအုံအလုံး ၆၀ ခန့် ပျက်စီးခဲ့ကြောင်း၊ ပြည်နယ်အတွင်းရှိ ရှိဒီယိုမြို့တွင် ဇန်နဝါရီ ၁၉ ရက်ကလည်း မြေပြိုမှုကြောင့် လူနှစ်ဦးပျောက်ဆုံးပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အနံ့ခံခွေးများအသုံးပြုကာရှာဖွေလျက်ရှိရာ လူသုံးဦး၏အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

နေအိမ်များပျက်စီးခဲ့သော ရှိဒီယိုမြို့ရှိ ဒေသခံဦးရေ ၁၉၀ အတွက် ပြည်နယ်အစိုးရအာဏာပိုင်များက အရေးပေါ်အမိုးအကာများဆောင်ရွက်ပေးလျက်ရှိပြီး လျှပ်စစ်မီးများလည်းပြတ်တောက်လျက်ရှိကြောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး Jorginho Melloက အဆိုပါဒေသသို့ ဇန်နဝါရီ ၂၀ ရက်တွင် ရဟတ်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ဆင်းသက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။ AZH

# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ဌာနေတိုင်းရင်းသားပြည်သူလူထုအဖွဲ့အစည်းလေးခုနှင့် ပထမဆုံး သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ သဘောတူညီချက်ရရှိ

**အောတဝါ ဇန်နဝါရီ ၂၂**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနေတိုင်းရင်းသားပြည်သူလူထုအဖွဲ့အစည်းလေးခုနှင့် ဗြိတိသျှ ကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းတို့ ပထမဆုံး သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာသဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကနေဒါနိုင်ငံတွင် သဘာဝအရင်းအမြစ်နှင့်ပတ်သက်ပြီး ဌာနေတိုင်းရင်းသားတို့၏ သဘောတူညီချက်မရခဲ့သည့်အတွက် သဘာဝအရင်းအမြစ်လုပ်ငန်းများ ဖော်ထုတ်ရေးနှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်မှုများ၊ ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သဘာဝအရင်းအမြစ်ဖော်ထုတ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းလေးဖွဲ့ဖြင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ကာ သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

"ကျွန်ုပ်တို့နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးနဲ့ ပတ်သက်ပြီး အရေးပါတဲ့သဘောတူညီချက်တွေတော့ ရရှိထားပါတယ်"ဟု Doig River အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိခဲ့သော ဌာနေတိုင်းရင်းသားပြည်သူလူထုအဖွဲ့အစည်းများမှာ Fort Nelson အဖွဲ့အစည်း၊ Saulteau အဖွဲ့အစည်း၊ Half-way River အဖွဲ့အစည်းနှင့် Doig River အဖွဲ့အစည်းတို့ဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

0w Kv d @

# အကယ်၍များ

လင်းယုန်ဖော်




(၁)

သီတာတစ်ယောက် အခန်းရှေ့အရောက်တွင် ဘယ်သူပို့ထားလည်းမသိသောမုန့်ထုပ်များကရောက်ရှိနေသည်မို့ အံ့ဩသွားမိသည်။ ထိုနေ့က စနေနေ့မို့ အဆောင်မှာ လူသိပ်မရှိ။ အခန်းရှေ့ကို မုန့်တွေ ဘယ်သူလာထားသွားတာလဲ အတွေးများဖြင့် ဘေးဘီကို အကဲခတ်ကြည့်တော့လည်း အခန်းတိုင်းက တံခါးပိတ်ထားကြသည်။ အဆောင်တွင် အခန်းပေါင်း ၂၀ ကျော်ရှိပြီး ယောကျ်ားလေးသီးသန့်နေထိုင်ကြသူများရှိသလို မိန်းကလေးသီးသန့်နေထိုင်သူ၊ လင်မယားစုံတွဲနေထိုင်သူ စသည်ဖြင့် လူအများပေါက်သောက်မို့ ဘယ်အခန်းကလူ။ ဘယ်သူ ဘယ်ဝါခန့်မှန်းမသိနိုင်ပါလေ။ သီတာမယူဘဲ လွှင့်ပစ်လျှင် ရိုင်းရာကျမည်။ မစားလျှင်တောင် အခန်းအဖော်ကောင်မလေးများကို ကျွေးလို့ရသည်မဟုတ်ပါလား။ ထိုအတွေးများဖြင့် မုန့်ထုပ်များကိုယူပြီး အခန်းထဲဝင်လိုက်တော့သည်။

(၂)

သီတာတို့အဆောင်တွင် နံနက်စောစောထ ချက်ကြပြုတ်ကြသည်နှင့် အဆောင်လေးသည် မိုးလင်းလာလျှင် သက်ဝင်လှုပ်ရှားလာသည်။ သီတာတို့အခန်းဖော်များလည်း ဆိုင်ရာလုပ်ငန်းခွင်များကိုဝင်ဖို့ ရေမိုးချိုးပြင်ဆင်ကြပြီး ထမင်းချိုင့်ကိုယ်စီဖြင့် အလုပ်သွားရန် ပြင်ဆင်ကြရလေသည်။ သီတာအပြင်ဘက်ကိုအထွက် ကျောချင်းကပ်အခန်းကလူကို အမှတ်တမဲ့ အကြည့်ရောက်သွားသည်။ ထိုလူကလည်း သီတာ့ကို လှမ်းအကြည့်နှင့်အကြည့်ချင်းဆုံသွားမိသည်။ သီတာ့ရင်ထဲတစ်မျိုးကြီးဖြစ်သွားသည်။ မလုံမလဲဖြင့် ထိုလူကို ပြန်ကြည့်လိုက်တော့ ထိုလူ၏အကြည့်များပြန်လွှဲသွားပြီး တောင်ကြည့်သလို၊ မြောက်ကြည့်သလိုလုပ်နေသည်။ သီတာသိထားမိသည်ကတော့ ထိုလူသည် အဆောင်ကိုပြောင်းလာသည်မှာမကြာသေးဘူးဆိုတာရယ်၊ အပြင်တွင် အလုပ်သို့ဆိုင်ကယ်ဖြင့် သွားတတ်တယ်ဆိုတာရယ်ကိုသာသိထားသည်။ ကျန်တာကတော့ တစ်ခါတစ်ရံ သီတာတို့လူတစ်စုအလုပ်သွားလျှင် ဝရန်တာကနေပြီး ခိုးခိုးကြည့်နေတတ်သည်ကိုတော့ သတိထားမိလေသည်။ သို့သော်လည်း ယောကျ်ားလေးမို့ အပြင်ထွက်ပြီး ဟိုငေးဒီငေးနဲ့ ကြည့်နေနိုင်တာပဲလေဟုသာ အတွေးဝင်မိသည်။

(၃)

ယခုတစ်လော သီတာ့ဖုန်းထဲကို Viber မှ တစ်ဆင့် မက်ဆေ့ချ်များဝင်ဝင်လာသည်။ သူ ဘယ်သူ ဘယ်ဝါဆိုတာမသိပေမဲ့ မုန့်များမကြာခဏပို့တတ်သူဆိုသည်ကိုတော့ သူ့စာများကတစ်ဆင့်သိထားခဲ့မိသည်။ သို့သော် သူကဘယ်သူပါ။ ဘယ်မှာနေတာပါဆိုသည်ကိုတော့မပြော။ ခင်ချင်လို့ပါဆိုသော စကားတစ်ခွန်းဖြင့် သူ့ကို စာတွေပို့ပို့ထားတတ်တာကလွဲပြီး သီတာ ဘာမှ မသိရချေ။ တစ်ခါတစ်ရံတွင် သီတာနေမကောင်းသည်ကအစ သူသိနေတတ်သလို ဘယ်အရောင်နှင့် ဘာဝတ်စုံဝတ်ထားသည်ကအစ ထိုလူကသိနေပြန်သည်။ သီတာ့ဖုန်းနံပါတ်ကို ဘယ်လိုရလဲဆိုတော့လည်း ပြန်မဖြေ။ ဒီလိုပဲ စုံစမ်းရှာဖွေခဲ့ရတာပေါ့ဟုသာ အလွယ်ပြန်ဖြေတတ်မြဲ။ သို့သော်လည်း စကားအရိုင်းများမသုံးဘဲ ရိုးသားစွာစကားပြောတတ်သူမို့ သီတာက ထိုလူ့ကို အပြန်အလှန်ခင်တွယ်နေမိခဲ့လေသည်။ ဖုန်းထဲတွင် သူငယ်ချင်းအဖြစ် ခင်ခွင့်ပေးခဲ့မိလေသည်။

(၄)

သီတာနေမကောင်း၍ အလုပ်မသွားဖြစ်၊ အခန်းထဲတွင် တစ်ယောက်တည်း ဆေးသောက်ပြီးနားနေမိသည်။ ပျင်းသည်နှင့် လိုင်းဖွင့်ပြီးအပျင်းပြေလျှောက်ကြည့်နေမိသည်။ ထိုစဉ် စာတစ်စောင်ရောက်လာသည်။

"မင်းနေမကောင်းဘူးဆို ဘာဆေးတွေသောက်ထားလဲ၊ ဘာစားချင်လဲ"

သီတာအံ့ဩသွားရသည်။ သူဘယ်လိုသိနေတာပါလိမ့်။ ဒါနဲ့ သီတာမနေနိုင်တော့-

"ရှင် ဘယ်လိုသိနေတာလဲ။ ရှင်က ဘယ်နေရာမှာနေပြီး စောင့်ကြည့်နေတာလဲ။ အမှန်အတိုင်းပြောပါ"ဟု ပြန်ပို့လိုက်သည်။

"တစ်နေ့တော့ သိလာမှာပါဗျာ"

"ရှင်မပြောပြရင် ရှင်နဲ့စကားမပြောတော့ဘူး"

"မလုပ်ပါနဲ့ဗျာ အဝေးကနေပြီး တိတ်တိတ်လေး ခင်တွယ်နေတဲ့သူကို မရက်စက်ပါနဲ့။ နေကောင်းအောင်နေနော်။ ဂရုစိုက်ပါ။ စားချင်တာရှိရင်ပြောနော် အားမနာနဲ့။ ကျွန်တော်ပို့ခိုင်းလိုက်မယ်"

"ရပါတယ်ကျေးဇူးပါ။ ဘယ်သူမှန်းမသိဘဲ ကျွန်မ အကူအညီမတောင်းချင်ဘူး ဒါပဲနော်"

သီတာနောက်ဆုံးစာရိုက်ပြီး လိုင်းပေါ်ကဆင်းလိုက်သည်။ ဘယ်လိုလူလည်းမသိ သီတာဘာဖြစ်ဖြစ်၊ ဘာတွေလုပ်လုပ်အကုန်သိနေသည်ဟူသော အတွေးတို့ဖြင့် မှေးလိုက်ရာ အဖျားအရှိန်လေးကြောင့် အိပ်ပျော်သွားသည်။ တစ်ဖက်အခန်းကလူကြီး၏ဘလူးတူဘောက်မှသီချင်းသံကြောင့် သီတာလန့်နိုးသွားရသည်။ တော်တော်အလိုက်ကမ်းဆိုးမသိတဲ့လူကြီးပဲ။ သူများနေကောင်းမှန်းမသိ၊ နေမကောင်းမှန်းမသိ သီချင်းများဖွင့်နေသည်။ အကျယ်ကြီးမဟုတ်ပေမဲ့ တိတ်ဆိတ်နေတဲ့အဆောင်မို့ အသံက အနည်းငယ်ကျယ်သယောင်ထင်ရသည်။ သီတာအပေါ့အပါးသွားရင်း ကိုယ်လက်သန့်စင်ရန် အခန်းတံခါးကိုဖွင့်လိုက်တော့ သီတာ အံ့ဩသွားရပြန်သည်။ ဆေးမျိုးစုံထည့်ထားသည့်အထုပ်တစ်ထုပ်နှင့် နံနက်က အခန်းဖော်ကောင်မလေးကို ကြက်သားကြော်စားချင်ကြောင်း ပြောလိုက်မိသည်မှာ ယခု ကြက်သားကြော်အထုပ်လေးပါ ပါလာသည်။ ဒီလူ ငါစားချင်တာ ဘယ်လိုများသိနေပါလိမ့်။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ရမှာပါပဲလေ။ သီတာတို့လို မိဝေးဖဝေးနှင့်နေရသည့်တစ်နယ်တစ်ကျေးကသူတွေအဖို့ ဘာအခွင့်အရေးမှမယူဘဲ လိုအပ်သည်များကို ကူညီပေးနေသည့် အမည်မသိထိုလူကို စိတ်ထဲခင်တွယ်နေမိသည်မှာအမှန်ပင်။ အပြင်မှာတွေ့ပြီး သူဘယ်လိုလူလဲ၊ ဘယ်လိုရုပ်လဲဆိုသည်ကို သိချင်နေမိသည်။ သို့သော် ကိုယ်က မိန်းမသားမို့ ထိန်းချုပ်နေရမည်မဟုတ်ပါလား။ ထိုလူကိုယ်တိုင်ကလည်း သူဘယ်သူပါ၊ ဘယ်မှာနေတာပါ၊ အပြင်မှာတွေ့ချင်ပါတယ်ဟု တစ်ခါမျှအခွင့်အရေးယူစကားမပြော။ အပြင်ဘက်ကိုလှမ်းကြည့်လိုက်တော့ တစ်ဖက်ခန်းကလူကြီးနှင့် သီတာတို့ရွာက မောင်လေးများ ခြင်းခတ်နေသည်ကိုတွေ့လိုက်ရသည်။ တော်ကြာ သူတို့ကို ကြည့်နေတယ်ထင်မှာစိုးသဖြင့် ကမန်းကတန်း အကြည့်လွှဲပြီး အခန်းထဲဝင်နေလိုက်တော့သည်။

(၅)

အမေ့ဆီက အရေးတကြီးဖုန်းဝင်လာပြီးကတည်းက သီတာတို့မောင်နှမများ နယ်ပြန်ရန်ပြင်နေကြရသည်။ အမေ အခုတစ်လော သိပ်နေမကောင်းဘူးဆိုသည်ကိုတော့ သီတာသိထားသည်မို့ မောင်ဖြစ်သူကိုတပ်လှန့်ထားပြီးသားဖြစ်သည်။ မောင်လေးအလုပ်က ခွင့်မရလျှင်တောင် သီတာကတော့ပြန်ရလိမ့်မည်ဖြစ်သည်။ ရွာမှာကလည်း အမေ့ကျန်းမာရေးအတွက် သီတာမရှိလျှင်မဖြစ်။ အမေ့ကျန်းမာရေးအခြေအနေကြောင့် သီတာအလုပ်ထွက်ပြီး နယ်ကိုပြန်ခဲ့ရသည်။ ဖုန်းထဲက သူ့ကိုတောင် နှုတ်မဆက်အား။ ရွာရောက်တော့ အမေ့ကျန်းမာရေးအကြောင်းပြောပြပြီး သီတာ့ကို တစ်ရွာတည်းနေ အမျိုးမကင်းသည့်လူတစ်ယောက်နှင့် နေရာချပေးဖို့ကြိုးစားကြသည်။ သူ့ဘဝမှာ ရည်းစားရှိလားဆိုတော့လည်းမရှိ။ သို့သော် အိမ်ထောင်ရက်သားပြုဖို့ကျတော့လည်း သီတာမပြုချင်သေးပေ။ ဘဝကိုကြိုးစားရုန်းကန်ကြည့်ချင်သေးသည်။ မျက်စိထဲတွင် သူ့ကို ဘာအလုပ်လုပ်နေတယ်၊ ဘယ်သွားနေတယ်ဆိုသည်ကို အစအဆုံးသိနေသည့် မမြင်ဘူးသေးသည့်လူကို သတိရမိသည်။ သူရော ဘာတွေလုပ်နေလဲ၊ ဘယ်မှာနေနေလဲ သီတာသိချင်နေမိသည်။ သတိရစိတ်ဖြင့် မသုံးတာကြာပြီဖြစ်သော လိုင်းကိုဖွင့်၍ကြည့်လိုက်မိသည်။ ယခင်က ပရိုဖိုင်းပုံတွင် ငှက်ပုံကလေးသာတင်ထားသောထိုလူ၏ ပရိုင်ဖိုင်း ပြောင်းထားသည်ကို တွေ့လိုက်ရသည်။ ပုံကသေးနေ၍ အနီးကပ်ပုံဆွဲကြည့်လိုက်သည်။

"ဟင်"

သီတာ ရင်တွေတဒိတ်ဒိတ်ခုန်သည်မှာ မြန်သွားရတော့သည်။ ထိုလူ ထိုလူသည်။

(၆)

အမေ့ကျန်းမာရေးကိစ္စ အဆင်ပြေသွားချိန်တွင်တော့ သုံးလဆိုသောအချိန်ကာလတစ်ခုကို ဖြတ်ကျော်ခဲ့ရလေပြီ။ သီတာ့ကို တစ်ချိန်လုံးတိတ်တဆိတ်ကွယ်ရာကနေပြီး တွယ်တာနေသောထိုလူကြီးကို အဆောင်ပြန်ရောက်ရင်တော့ မျက်နှာချင်းဆိုင်ပြီး ခင်ဗျားကြီးဗျာဟု ရှက်စနိုးဖြင့် ပြောပစ်လိုက်မည်ဟု အတွေးတို့ဖြင့် ရန်ကုန်ကအဆောင်ကို သီတာပြန်ရောက်လာခဲ့ပြီးဖြစ်သည်။

"ဘာ သူမရှိတော့ဘူးဟုတ်လား။ ဘယ်ပြောင်းသွားတာလဲ သိရိရယ်"

"ငါလဲမသိဘူးဟ။ ဒါတောင် သူက ငါ့ကို နှုတ်ဆက်စကားလာပြောသွားလို့သိရတာ"

"ဘာ ဘယ်လို နင့်ကိုလာနှုတ်ဆက်တယ်"

"အေးဟ ငါတောင်အစကကြောင်သွားတာ။ သူက မိတ်ဆက်ပြီး သူ့နယ်ကိုသွားရတော့မယ်ဆိုတာရယ်။ သီတာဟာ သူ့သူငယ်ချင်းဆိုတာပြောတော့မှ နင့်ကို လိုင်းပေါ်မှာခင်နေတာ သူမှန်းသိရတော့တယ်။ ငါ တောင် တအားအံ့ဩနေတာ။ နင့်ကိုလဲ တကယ်လို့များ ပြန်လာရင် ဒီစာလေးပေးပေးပါတဲ့။ ရော့ဖတ်ကြည့်"

သီတာတစ်ယောက် ဘယ်လိုမှမထင်ထားသည့် ဇာတ်ညွှန်းထဲကို ကိုယ်တိုင်ပါဝင်ပြသခဲ့ရသူလား။ အနားမှာရှိနေမယ်ဆိုတာသိနေသော်လည်း ထိုလူလို့ သီတာတွေးမထင်ထားခဲ့။ နံနက်လင်းကတည်းက အလုပ်ထွက်သွားပြီး မိုးချုပ်မှပြန်လာတတ်သောထိုလူကို မိမိသိချင်နေသောလူလို့ သီတာမထင်ထားသည်မှာ တကယ်ပါလေ။ တစ်နေကုန်အလုပ်သွားနေသော ထိုလူကြီးသည် သီတာ့ကို ဆေးတွေ၊ မုန့်တွေ ဘယ်လိုလာပေးထားပါသလဲ။ သူ ဘယ်သူ့ကိုခိုင်းခဲ့တာလဲ သီတာ့အတွေးတို့ကိုရပ်ရင်း စာကိုဖောက်ဖတ်လိုက်တော့သည်။

(၇)

သို့

မသီတာကိုမြင်ကတည်းက တိတ်တခိုးလေးစွဲလမ်းခဲ့ရသူပါ။ ဒီအဆောင်ကိုစရောက်လာတဲ့နေ့ကတည်းက သီတာ့ကို ကျွန်တော်သတိထားမိခဲ့ရတယ်လေ။ အေးဆေးတည်ငြိမ်တဲ့အလှတွေနဲ့ ရိုးရှင်းတဲ့အလှတွေကို

စာမျက်နှာ ၂၅သို့ ➤

# မြန်မာ့ရော်ဘာများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း တန်ချိန် ၂၂၃၈၀ တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာ့ရော်ဘာများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းတို့ဖြင့် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄၈ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၂၃၈၀ တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ရော်ဘာများကို ပြည်ပဖောက်သည် ဈေးကွက်များသို့ တင်ပို့ရောင်းချပေးရာတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့သာ အဓိကတင်ပို့ရောင်းချပေးနေသဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကသာ အများဆုံးတင်ပို့ရောင်းချပေးနေပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ရော်ဘာဝယ်ယူမှုမြင့်တက်လာသဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကပါ တင်ပို့ ရောင်းချပေးခဲ့ရကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၇၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၇၆၅၀၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၄၇၃၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ရော်ဘာများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးခဲ့ရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၁၂၃၀၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၄၄၈၀ နှင့်အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၉၄၀ စုစုပေါင်းရော်ဘာတန်ချိန် ၁၇၆၅၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၂၆၀ နှင့် ထိုင်းနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၄၇၀ စုစုပေါင်း ရော်ဘာတန်ချိန် ၄၇၃၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းရော်ဘာဈေးနှုန်းများမှာ RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၃၂၀၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၂၂၀ ပေါက်ဈေးရှိနေပြီး ပြည်တွင်းရော်ဘာဈေးကွက်ဈေးနှုန်းများသည် ကမ္ဘာ့ရော်ဘာဈေးကွက် ဈေးနှုန်းများအပေါ်တွင် မူတည်နေသည့်အပြင် အမေရိကန်ဒေါ်လာ ဈေးနှုန်းပြောင်းလဲမှုများအပေါ်တွင် မူတည်နေကြောင်း သိရသည်။ SKL

# သနပ်ပင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သနပ်ပင် ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖရဲကျေးရွာနှင့် ဖားအောက်ကံကျေးရွာတို့၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးဆွေနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဖရဲကျေးရွာနှင့် ဖားအောက်ကံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများအားလုံး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေး၊ သတ်မှတ်အတိုင်းအတာများပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေကျပ် ၁၄ ဒသမ ၁ သန်းဖြင့် လမ်းအရှည် ၁၄၅၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေသားခင်းခြင်းလုပ်ငန်းကို K-Bros ကုမ္ပဏီကတာဝန်ယူ၍လည်းကောင်း၊ ဖားအောက်ကံကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၁၄ သန်းဖြင့် လမ်းအရှည် ၂၅၀၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းများကို ချမ်းမြေ့ရတနာလင်း ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ပြောပြ၍ သိရသည်။

ကိုညို



**➤ စာမျက်နှာ ၂၄မှအဆက်**

ကျွန်တော်ခံစားခဲ့ရပါတယ်။ ဒါကြောင့် မသီတာတို့နဲ့ အနီးဆုံးနေရာလေးမှာ ငှားနေဖြစ်ခဲ့တာပေါ့။ ပြီးတော့ ဖုန်းနံပါတ်လေးရဖို့ သီတာ့မောင်လေးကို မနည်းစည်းရုံးခဲ့ရပါတယ်။ မသီတာကရန်ကုန်ပြန်လာဖို့ မသေချာသလို ကျွန်တော်လဲ ဒီမှာ ဆက်ရှိနေဖို့ မရေရာပြန်ဘူးမသီတာ။ တကယ်လို့များ မသီတာနဲ့ ပြန်လည်ဆုံစည်းခွင့်ရှိမယ်ဆိုရင် ပြန်လည်ဆုံတွေ့ချင်ပါသေးတယ်။ ဘဝရဲ့အခြေအနေတွေကြောင့် တိတ်တခိုးလေးနဲ့တွယ်တာနေမိတာကို စာနာနားလည်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော် မနက်ဆိုရှိုးသွားရပေမဲ့ နေ့တစ်ဝက်လောက်ဆို လုပ်ငန်းသဘောအရ ကျွန်တော်အဆောင်ပြန်ရောက်နေတတ်ပါပြီ။ ဒါကြောင့်လဲ မသီတာအတွက် လိုအပ်တာလေးတွေကိုဝယ်ပေးပြီး လူမသိသူမသိ လာထားသွားတတ်တာပါ။ ကျွန်တော့်အသက်အရွယ်အရကော ရုပ်ရည်အနေနဲ့ပါ မသီတာလက်ခံနိုင်မှာမဟုတ်လို့ ကွယ်ရာကနေငေးပြီး အဝေးကချစ်ခဲ့ရသူပါ။ ကျွန်တော် မသီတာကို တအားချစ်ခဲ့မိပါတယ်။ တကယ်လို့များပေါ့ မသီတာရယ် ကံမကုန်သေးရင်ဖြင့် ပြန်ဆုံချင်ပါသေးတယ်။

သီတာစာဖတ်လို့အပြီးမှာတော့ တစ်စုံတစ်ရာကိုဆုံးရှုံးလိုက်ရသလို ခံစားလိုက်မိသည်။ အိမ်ပြတင်းပေါက်က တွေတွေလေးငေးကြည့်နေတတ်သည့် ထိုလူကြီးပုံများ။ သီတာတို့အလုပ်ကပြန်လာလျှင် မသိသလို၊ မကြည့်သလိုနဲ့ တိတ်တိတ်လေးခိုးကြည့်နေပုံများ။ သီတာတစ်ခုခုဖြစ်တိုင်း စာပို့ပေးရင်း လိုအပ်သည်များကို လူသိမခံဘဲ တိတ်တဆိတ်လာပို့ထားပုံများကို သီတာမြင်ယောင်ကြည့်ရင်းဖြင့် ထိုလူကြီးရင်ထဲကိုသိနေနိုင်ပြီမဟုတ်ပါလားလူကြီးရယ်။ ဘယ်လိုယောကျ်ားလည်းမသိ သတ္တိမရှိလိုက်တာ။

အကယ်၍များ သီတာအနေဖြင့်လည်း ထိုလူကြီးကို တိတ်တခိုးလေး စိတ်ဝင်စားနေမိသည်ကိုသာသိလျှင်ဖြင့်။

အကယ်၍များ သီတာလည်း ထိုလူကြီးကို ပြန်တွေ့ချင်နေသည်ကိုသာ ထိုလူကြီးသိသွားလျှင်ဖြင့်။

## လောကသဘာဝ အလှအပများ

\- နံနက်အခင်း ရောင်နီလင်းတော့
ဝင်းလက်ကြည်သာ ထက်ဝလာမှ
ဝဲကာပျံလွှား လွန်ခံ့ညားသည့်
ငှက်များတေးဆို သဏ္ဍာန်ကိုကွယ်
မူပိုအေးချမ်း ကြည့်ချင်စမ်း၏။

\- ဝေလီဝေလင်း နံနက်ခင်းဝယ်
ရှင်းလဲ့ကြည်သန့် မွှေးရနံ့နှင့်
သင်းပျံ့ကြိုင်လှိုင် တောဂနိုင်ဝယ်
မြိုင်ဆိုင်ပွင့်လန်း အဆန်းဆန်းနှင့်
ပန်းများစုံစုံ ဖူးပွင့်ပုံကို
ကြုံဆုံ၍သာ ကြည့်ချင်ရာ၏။

\- တောသူ၊ တောင်သားလယ်သမားတို့
စပါး၊ ဆန်ရေ ကြွယ်ဝစေဖို့
လယ်မြေအဝှမ်း လွန်ပင်ပန်းလည်း
ရွှင်လန်းကြည်သာ စိုက်ပျိုးပါသည်
မြင်ရာအလှ စိတ်အေးမြ၏။

\- ဝမ်းစာအတွက် ပျားပန်းခပ်မျှ
ထမ်းရွက်တာဝန် လွန်ကျေပွန်သည့်
ထူးချွန်လုပ်သား လူအများတို့
လှုပ်ရှား၍ပင် လုပ်ငန်းခွင်ဝယ်
အမြင်တင့်တယ် ရှုချင်ဖွယ်တည်း။

\- နိုင်ငံ့ဝန်ထမ်း ပြည်ချစ်ပန်းတို့
ရွှင်လန်းကြည်သာ ပြည့်ဝန်တာကို
သူ၊ ငါမခွဲ လက်ချင်းတွဲ၍
အမြဲထမ်းဆောင် ကျေပွန်အောင်ကွယ်
မရှောင်သယ်ပိုး ချစ်မြတ်နိုးပြီး
ကိုယ်ကျိုးမမင် ပုံရိပ်ရှင်သည်
ကြည်လင်လှပ သာလေစွတည်း။ ။

ခင်မောင်မြင့်

# ရပ်စောက်မြို့နယ် နားခဲကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားခဲကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းငွေများ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်က VRFP စီမံကိန်းအကြောင်းအရာ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နားခဲကြီးကျေးရွာ၌ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၅၂ ဦးကို ရန်ပုံငွေကျပ် ၂၃၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်နိုင်

# ပျိုးထောင်ထားသင့်သော ပန်းတစ်ပွင့်

ကနေ့ စာရေးသူတို့ရဲ့ လူ့အဖွဲ့အစည်းမှာ ထွန်းကားဖို့ လိုအပ်နေတာတွေ အများကြီးရှိနေပါတယ်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနဲ့ သဘာဝပတ်ဝန်းကျင် စသဖြင့် ပြုပြင်ထိန်းသိမ်းကြဖို့၊ ကြိုးစားလုပ်ကိုင်ကြဖို့ များစွာရှိနေပါတယ်။ အထူးသဖြင့် လူ့အဖွဲ့အစည်းအတွင်းမှာ အေးချမ်းသာယာဖို့၊ စည်းလုံးညီညွတ်ဖို့၊ အတူတကွ ကြိုးစားလုပ်ကိုင်ကြပြီး အနာဂတ်ကောင်းတွေ ဖော်ဆောင်နိုင်ကြဖို့ဟာ အခရာပဲဖြစ်ပါတယ်။ ဒီလိုမျိုးတွေ လုပ်နိုင်ဖို့ရာ လူ့အဖွဲ့အစည်းမှာ အဓိကအရေးတကြီး လိုအပ်နေတာ တစ်ခုရှိပါတယ်။ အဲဒါကတော့ မေတ္တာတရားပဲဖြစ်ပါတယ်။

မေတ္တာတရားဟာ လွန်စွာအကျိုးများပြီး အေးချမ်းလှပါတယ်။ ဒေါသ၊ မောဟ၊ မာန်မာနတွေကတော့ လောင်မြိုက်နေတဲ့မီးတွေလို ပူလောင်လှပါတယ်။ ဒါကြောင့် ဒေါသ၊ မောဟ၊ မာန်မာနတွေက မီးနဲ့တူပါတယ်။ မေတ္တာတရားကတော့ ချစ်ခင်ခြင်း၊ နှစ်လိုခြင်းဖြစ်တဲ့အတွက် များစွာအေးချမ်းလှပါတယ်။ ဒါကြောင့် မေတ္တာတရားဟာ ရေနဲ့တူတယ်လို့ ဆိုချင်ပါတယ်။ စာရေးသူတို့ရဲ့ ပတ်ဝန်းကျင်မှာလဲ ဒေါသထွက်စရာတွေ၊ စိတ်အနှောင့်အယှက်ဖြစ်စရာတွေက အများသားပါပဲ။ လက်တွေ့ကျကျ ပတ်ဝန်းကျင်မှာရော၊ ဖေ့ဘွတ်ပေါ်မှာပါ ဒေါသဖြစ်စရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာတွေက များလှပါတယ်။ ဒါတွေကို သေချာရှုမြင်သုံးသပ်ဝေဖန်ပိုင်းခြားနိုင်ဖို့လိုပါတယ်။ ဒါမှသာ ရနေတဲ့လူ့ဘဝအခိုက်အတန့်မှာ နေရတာဟာ အကျိုးရှိ၊ မှန်ကန်ကောင်းမွန်စွာနေနိုင်မှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနောက်ကို လိုက်မှန်းမသိဘဲ လိုက်နေမိမှာပါပဲ။ ဒီလို လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနောက်ကို လိုက်မိရင်တော့ ပူဆွေးလောင်မြိုက်နေရမှာဖြစ်သလို ရရှိပိုင်ဆိုင်ထားတဲ့ လူ့ဘဝလေးကိုလဲ ဖျက်ဆီးလိုက်သလို ဖြစ်နေတော့မှာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့တွေဟာ ဖြစ်ပေါ်လာတဲ့ ပတ်ဝန်းကျင်က အကြောင်းအရာ၊ အဖြစ်အပျက်တွေအပေါ်မှာ ဒေါသတရားကို ရှေ့တန်းတင် မဖြေရှင်းမိဖို့ရာ အလွန်အရေးကြီးပါတယ်။ ဒေါသထွက်လိုက်တဲ့ တစ်ခဏအတွင်းမှာပဲ အမှား (ကြီး၊ ငယ်)ပေါင်းများစွာကို ကျူးလွန်ပြစ်မှားဖို့ လက်ရွံ့နေမှာ မဟုတ်တော့ပါဘူး။ ဒေါသရဲ့ဆိုးကျိုးတွေကတော့ အများကြီးပါပဲ။ ဒါကြောင့် လောကနီတိမှာ-

"ပတ္တာနုရူပံ ဝါကျံ၊
သဘာဝရူပံ ပိယံ၊
အတ္တာနုရူပံ ကောဓံ၊
ယော ဇာနာတိ သပဏ္ဍိတော"လို့ ဆိုထားပါတယ်။ အဓိပ္ပာယ်ကိုလဲ မူရင်းအတိုင်း ရှင်းပြချင်ပါတယ်။

"လောကေ =လောက၌၊ ပတ္တာနုရူပံ = အခွင့်အရေးရောက်သည်နှင့်လျော်သော၊ ဝါကျံ=စကားကိုလည်းကောင်း၊ သဘာဝရူပံ =ကိုယ်အားလျော်ပတ်သော၊ ပိယံ=ချစ်အပ်သောသူကိုလည်းကောင်း၊ အတ္တာနုရူပံ=ကိုယ်နှင့်တန်ရုံသော၊ ကောဓံ=အမျက်ကိုလည်းကောင်း၊ ယော=အကြင်သူသည်၊ ဇာနာတိ=သိတတ်၏၊ သော= ထိုသူသည်၊ ပဏ္ဍိတော=ပညာရှိမည်၏"လို့ ဖွင့်ဆိုထားပါတယ်။ လူတွေမှာလဲ ဒေါသကတော့ အနည်းနဲ့အများဆိုသလို ရှိနေကြပါတယ်။ အရင်ကလဲရှိခဲ့သလို နောက်လဲရှိနေအုံးမှာပါပဲ။ လောကနီတိထဲကအတိုင်း ကိုယ်နဲ့ထိုက်တန်သင့်တော်သလောက်ပဲ ဒေါသထွက်သင့်ပါတယ်။ မိမိအနီးအနား၊ ပတ်ဝန်းကျင်မှာ ဒေါသကိုချုပ်တည်းနိုင်သလောက် ချုပ်တည်းကာ မေတ္တာတရားတွေ ပွားများပေးနိုင်မယ်ဆိုရင် ကောင်းမွန်မှန်ကန်အေးချမ်းတဲ့ရလဒ်တွေကို ပိုင်ဆိုင်လာနိုင်မှာဖြစ်ပါတယ်။ ဒေါသကို ဖြိုဖျက်ဖို့ တစ်ခုတည်းသောအရာကတော့ မေတ္တာတရားပဲ ဖြစ်ပါတယ်။ မေတ္တာတရားဟာ အေးချမ်းသာယာပြီး အကျိုးလဲအလွန်များလှပါတယ်။ ဒီနေရာမှာ ဖတ်မှတ်ဖူးတဲ့ အကြောင်းအရာလေးကို ပြန်လည်မျှဝေပေးချင်ပါတယ်။ ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)ရဲ့ "မေတ္တာဖြင့်အောင်မြင်ခြင်း" ဆောင်းပါးထဲမှ ဖြစ်ပါတယ်။ စွယ်စုံကျော်ထင်ကျမ်းတွင် ကျည်းကန်ရှင်ကြီး၏ "မေတ္တာပို့မည်၊ လှူပေးမည် ဘယ်ကုသိုလ်ကြီးသနည်း"ဆိုတဲ့မေးခွန်းကို ကျီးသဲလေးထပ်ဆရာတော်က ပြန်လည်ဖြေကြားရာမှာ "ဒါန၏အကျိုးမှာ ကာမသုဂတိဘုံ၌သာ အကျိုးပေးပြီး ကာမဓာတ်ကို မလွန်ဆန်နိုင်ဘဲ မေတ္တာပွားများခြင်းအကျိုးမှာတော့ ရူပါဝစရ ဗြဟ္မာ့ဘုံသို့ ရောက်စေတဲ့တိုင်အောင် အကျိုးပေးနိုင်တဲ့အတွက် ပိုပြီးအကျိုးများသည်"ဟု ဖြေဆိုထားတာရှိပါတယ်။ ဆရာတော်ရဲ့အဖြေမှာတင်ပဲ မေတ္တာပွားများခြင်းက ပေးလှူခြင်းထက်ပင် အကျိုးများကြောင်း သိသာထင်ရှားလှတဲ့အတွက် မှတ်သားလိုက်နာစရာပဲဖြစ်ပါတယ်။ မေတ္တာပွားများဖို့၊ မေတ္တာပို့ဖို့ ပိုက်ဆံအကုန်မခံလဲရပါတယ်။ မိမိစိတ်သန္တာန်မှာ အရင်ဆုံး မေတ္တာဓာတ်တွေရှိအောင် အရင်တည်ဆောက်ပြီး မိမိနှင့်ထိတွေ့ဆက်ဆံသူတိုင်းအပေါ်ကို မေတ္တာအခြေခံတဲ့ စိတ်၊ မေတ္တာဦးဆောင်တဲ့ လုပ်ရပ်၊ အပြုအမူ၊ အပြောအဆိုတွေနဲ့ ထိတွေ့ဆက်ဆံပေါင်းသင်းမယ်ဆိုရင် မိမိရော မိမိနဲ့ထိတွေ့ဆက်ဆံရသူတိုင်းပါ ပျော်ရွှင်အောင်မြင်မှုတွေ ဖန်တီးတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မိမိ မိသားစု၊ မိမိအနီးနားပတ်ဝန်းကျင်၊ မိမိနဲ့ထိတွေ့ဆက်ဆံရသူတွေအပေါ်မှာ ဒေါသတရားတွေ နည်းနိုင်သလောက်နည်းအောင်ထားပြီး မေတ္တာတရားတွေ ပွားများပေးနိုင်မယ်ဆိုရင် မေတ္တာလွှမ်းခြုံတဲ့ လူ့အဖွဲ့အစည်းဟာ အေးချမ်းသာယာပြီး နေချင်စရာလေးဖြစ်နေမှာပါ။

ဒီနေရာမှာ မေတ္တာပွားများခြင်းရဲ့ အကျိုးတရားလေးကို အနည်းငယ်ပြောပြချင်ပါတယ်။ မေတ္တာသုတ် အဋ္ဌုပ္ပတ္တိလေးပဲဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဖြစ်ပါတယ်။ ရဟန်းငါးရာတို့ဟာ မြတ်စွာဘုရားထံမှ လျော်ပတ်သော ကမ္မဋ္ဌာန်းကိုယူပြီး ဟိမဝန္တာနဲ့ တစ်ဆက်တည်းရှိနေတဲ့ တောအုပ်တစ်ခုအတွင်းသို့ ဝင်လျက် တရားအားထုတ်ကြပါတယ်။ ရဟန်းတော်တို့ရဲ့ သီလတန်ခိုးကြောင့် သစ်ပင်တွေမှာရှိတဲ့ နတ်တွေဟာ သစ်ပင်ရင်းမှာမနေဝံ့ကြတော့ဘဲ ကလေးတွေကို လက်ကစွဲကာ လှည့်လည်နေရပါတော့တယ်။ တစ်နေ့ပြန်နိုးပြန်နိုးနဲ့နေခဲ့ရာ ရဟန်းတွေ မပြန်ကြတော့တာကို သိရတဲ့နောက် မနေဝံ့အောင် ညဥ့်အခါ ကြောက်မက်ဖွယ်အဆင်း၊ အသံတွေပြကာ ခြောက်လန့်ကြပါတော့တယ်။ ဒါကြောင့် ရဟန်းတွေလဲ ထိတ်လန့်ကြောက်ရွံ့ကာ ရောဂါအမျိုးမျိုးတွေဖြစ်၊ သမာဓိမရဖြစ်ကာ မိမိတို့ ဒီအရပ်မှာမနေသင့်တော့ဟု ဆုံးဖြတ်ပြီးနောက် ဘုရားရှင်ထံ ပြန်ကြလာကြကာ အကြောင်းစုံကို လျှောက်ထားကြပါတော့တယ်။ ဘုရားရှင်လဲ "ရဟန်းတွေ ထိုအရပ်ကလွဲပြီး သင့်တော်တဲ့အရပ်မရှိ" ဟုမြင်တော်မူလို့ ထိုအရပ်ကိုပဲ ပြန်ကြရန် မိန့်တော်မူပြီး မေတ္တာသုတ်ကို ပွားများဖို့ ဆုံးမတော်မူခဲ့ပါတယ်။ ရဟန်းတွေလဲ မြတ်စွာဘုရားရှင် ဆုံးမတော်မူတဲ့အတိုင်း မေတ္တာပို့၊ မေတ္တာဘာဝနာပွားများပြီး တရားတော်တွေကို ကြိုးစားအားထုတ်ခဲ့ရာ နတ်များကပင်ချစ်ခင်ကြပြီး ဝတ်ကြီးဝတ်ငယ်များပင်ပြုလုပ်ပေးကာ ပြုစုစောင့်ရှောက်ကြပါတော့တယ်။ ထိုရဟန်းငါးရာတို့လဲ ဝါတွင်းသုံးလအတွင်းမှာပဲ ရဟန္တာများအဖြစ်သို့ ရောက်ရှိသွားပါတော့တယ်။ ဒီအကြောင်းအရာလေးကို ကြည့်မယ်ဆိုရင် မေတ္တာတရားရဲ့ အစွမ်းထက်မြက်အကျိုးများပုံကို တွေ့နိုင်ပါတယ်။

မေတ္တာပွားများခြင်းနဲ့ပတ်သက်ပြီး စာရေးသူ ကိုယ်တွေ့လေးပြောပြချင်ပါတယ်။ စာရေးသူဟာ ပုဂ္ဂလိကဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းအမျိုးအစားမှာ ဖြစ်ပါတယ်။ လုပ်ရတဲ့တာဝန်က ကျေးရွာတွေမှာ အတိုးနှုန်းသက်သက်သာသာနဲ့ ငွေချေးပေးရတယ်။ ၁၄ ရက်တစ်ကြိမ် အတိုး၊ အရင်းနဲ့ စုငွေပါစုခိုင်းပြီး ပြန်လည်ကောက်ခံပေးရပါတယ်။ ပုံမှန်အတိုင်းဆို အဆင်ပြေပြီး အခက်အခဲမရှိခဲ့ပေမဲ့ ကိုဗစ်-၁၉ ရောဂါတွေလဲဖြစ်လာ၊ ဆက်သွယ်ရေးလမ်းကြောင်းတွေလဲ ပိတ်ထားရော အချို့သောလက်လုပ်လက်စားသမားတွေ အခက်အခဲတွေ ဖြစ်လာပါတော့တယ်။ ဒီလိုဆိုတော့ စာရေးသူတို့ကို ပြန်လည်ပေးဆပ်ဖို့ ခက်ခဲလာပါတော့တယ်။ ချေးပေးတဲ့ငွေပမာဏနည်းသလို ပြန်လည်ပေးသွင်းရတဲ့ငွေကလဲ မများလှပါဘူး။ ဒါပေမဲ့ တချို့က တကယ်ခက်ခဲကြသလို တချို့ကလဲ ရောဂါတွေ၊ လမ်းကြောင်းပိတ်တာတွေကို အကြောင်းပြပြီး ခက်ခဲကြတာတွေရှိလာပါတယ်။ အဓိကပြောချင်တာက စာရေးသူတို့ကလဲ တာဝန်အရ ပြန်ကောက်တဲ့နေရာမှာ အခက်အခဲဖြစ်ပြီဆိုရင် စိတ်တွေညစ်ရပါတော့တယ်။ သူတို့ဆီက ရအောင်မကောက်ခံနိုင်ရင် စာရေးသူတို့ စိုက်ဆပ်ရမှာကိုးဗျ။ ဒါကြောင့် ကိုယ့်လုပ်ပိုင်ခွင့်ဘောင်ထဲကလဲ မထွက်ရအောင်၊ အဆင်ပြေအောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လုပ်ကိုင်ရတာတွေလဲရှိပါတယ်။ ဒီလိုနဲ့ တစ်နေ့ စာရေးသူရုံးပိတ်ရက်မှာ အိမ်နားက အဒေါ်တစ်ယောက်ရဲ့ အကြံပေးမှုကို လုပ်ကြည့်လိုက်တာ တော်တော်လေးအဆင်ပြေတာကို တွေ့လာရပါတယ်။ အဲဒါကတော့ ကိုယ်နဲ့ထိတွေ့ဆက်ဆံနေရသူတွေကို ကိုယ့်ဘက်က မေတ္တာပို့သပေးရတာပဲဖြစ်ပါတယ်။ မေတ္တာပို့သတယ်ဆိုလို့ ကြီးကြီးကျယ်ကျယ်ကြီးမထင်လိုက်ပါနဲ့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ကိုယ်နဲ့ထိတွေ့ဆက်ဆံမဲ့သူတွေကို "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးဘယာတွေ ဝေးကွာကြပါစေ၊ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းနိုင်သမျှကင်းကြပါစေ၊ သောကတွေငြိမ်းကာ အစစအရာရာ အဆင်ပြေနိုင်ကြပါစေ" စသဖြင့် ဒီလိုမျိုးလေးပါပဲ။ ဒီလိုမျိုးနဲ့ စာရေးသူနဲ့ပတ်သက်ရသူ၊ ဆက်ဆံရသူတွေကို သူတို့နဲ့မပတ်သက်၊ မဆက်ဆံခင် ကိုယ်ကအရင်စိတ်ထဲက မေတ္တာဓာတ်တွေပို့လွှတ်ပြီး ဆက်ဆံလိုက်တာကြောင့် ကိစ္စတော်တော်များများ အဆင်ပြေလာတာကို သိသိသာသာခံစားလိုက်ရပါတယ်။ ဒါကြောင့် မေတ္တာတရားကို လက်ကိုင်ထားပြီး မိမိပတ်ဝန်းကျင်မှာ အသုံးချမယ်ဆိုရင် အေးချမ်းသာယာ၊ အဆင်ပြေအောင်မြင်နိုင်မှာပဲ ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး မြတ်စွာဘုရားရှင် ဟောကြားဆုံးမထားတဲ့ မေတ္တာပို့ရခြင်းရဲ့ အကျိုးဆယ့်တစ်ပါးကို မျှဝေပေးလိုက်ပါတယ်။အဲဒါတွေကတော့-

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးထရခြင်း၊
၃။ အိပ်မက်ဆိုးကို မမြင်မက်ခြင်း၊
၄။ နတ်တို့က စောင့်ရှောက်ခြင်း၊
၅။ လူအများချစ်ခင်ခြင်း၊
၆။ မီးဘေးမသင့်နိုင်ခြင်း၊
၇။ အဆိပ်၊ လက်နက် မသင့်ရောက်နိုင်ခြင်း၊
၈။ စိတ်တည်ကြည်ခြင်း၊
၉။ မျက်နှာကြည်လင်ခြင်း၊
၁၀။ တွေဝေစွာမသေရခြင်း၊
၁၁။ သေလွန်လျှင် ဗြဟ္မာ့ပြည်ရောက်နိုင်ခြင်း ဟူ၍ ဆယ့်တစ်ပါးရှိကြောင်း ပြဆိုထားပါတယ်။

အထက်က ဆယ့်တစ်ပါးမှာ ရှေ့ဆယ်ပါးဟာ လက်ရှိဘဝမှာရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေပဲ ဖြစ်ပါတယ်။ အခုပဲ အကျိုးအလွန်များလှတဲ့ မေတ္တာတရားတွေ ထုတ်လွှတ်လိုက်ကြပါစို့။ မေတ္တာပန်းတွေ ဆင်မြန်းပြီး မေတ္တာရနံ့ထုတ်လွှင့်ဖို့ မနှေးမြောလိုက်ပါနဲ့၊ လက်မနှေးလိုက်ပါနဲ့။

ဒါကြောင့် မေတ္တာတရားကို လက်ကိုင်ထားကာ ဒေါသ၊ မောဟ၊ မာန်မာနတွေ လျှော့ချနိုင်ကြပါစေ။ မေတ္တာလွှမ်းခြုံတဲ့ လူ့အသိုက်အမြုံကို တည်ဆောက်နိုင်ကြပါစေ။ မေတ္တာခြုံလုံပါစေ။ မေတ္တာရနံ့တွေထုံမွှမ်း အေးချမ်းသာယာကြပြီး ကောင်းကျိုးကိုယ်၌ တည်နိုင်ကြပါစေ။

❖ မိမိစိတ်သန္တာန်မှာ အရင်ဆုံး မေတ္တာဓာတ်တွေရှိအောင် အရင်တည်ဆောက်ပြီး မိမိနှင့်ထိတွေ့ဆက်ဆံသူတိုင်းအပေါ်ကို မေတ္တာအခြေခံတဲ့ စိတ်၊ မေတ္တာဦးဆောင်တဲ့ လုပ်ရပ်၊ အပြုအမူ၊ အပြောအဆိုတွေနဲ့ ထိတွေ့ဆက်ဆံပေါင်းသင်းမယ်ဆိုရင် မိမိရော မိမိနဲ့ထိတွေ့ဆက်ဆံရသူတိုင်းပါ ပျော်ရွှင်အောင်မြင်မှုတွေ ဖန်တီးတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မိမိ မိသားစု၊ မိမိအနီးနားပတ်ဝန်းကျင်၊ မိမိနဲ့ထိတွေ့ဆက်ဆံရသူတွေအပေါ်မှာ ဒေါသတရားတွေ နည်းနိုင်သလောက်နည်းအောင်ထားပြီး မေတ္တာတရားတွေပွားများပေးနိုင်မယ်ဆိုရင် မေတ္တာလွှမ်းခြုံတဲ့ လူ့အဖွဲ့အစည်းဟာ အေးချမ်းသာယာပြီး နေချင်စရာလေးဖြစ်နေမှာပါ။ ❖

**ကိုးကား**

**-ဗုဒ္ဓဘာသာကောင်းတစ်ယောက်**
**သာသနာရေးဝန်ကြီးဌာန**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

**သောင်းမြတ်ထွန်း(မြန်မာ့ဟန်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဟသ်ာတမြို့နယ်တွင် ကွမ်းရွက်တစ်ပိဿာ ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းရရှိ



**ဟသ်ာတ ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဇန်နဝါရီလအတွင်း ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိ အမြင့်ဆုံးဈေးကောင်းရရှိနေခြင်းကြောင့် ယခုနှစ် ကွမ်းစိုက်တောင်သူများ အဆင်ပြေနေကြောင်း ဟသ်ာတမြို့နယ်မှ ကွမ်းဒိုင်များက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်း ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၊ ၄၀၀၀ ထိသာဈေးရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ ယနေ့ထိ ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ မှ ငွေကျပ် ၈၀၀၀ ထိ အမြင့်ဆုံးဈေး ရရှိနေကြောင်း သိရသည်။

“တစ်လထက်တစ်လပိုပြီး ကွမ်းရွက်ဈေးကောင်းလာပါတယ်။ ဈေးကောင်းတာတောင် ကွမ်းကောင်းကွမ်းသန့်မရဘူး ဖြစ်နေပါတယ်။ အရင်လတွေတုန်းက တစ်ပိဿာကို ငွေကျပ် ၂၅၀၀ နဲ့ ၄၀၀၀ ထိပဲ ဈေးရှိခဲ့တာပါ။ ဒီနှစ် ဒေသမှာ ကွမ်းရွက်စိုက်ပျိုးတဲ့သူတွေ နည်းတော့ ကွမ်းဈေးက အဆမတန် ဈေးကောင်းလာတာ ဖြစ်ပါတယ်။ ဒါ့ပြင် ကွမ်းရွက်ဝယ်ယူမှုကလဲ မြင့်တက် နေပါတယ်။ အခုပေါက်နေတဲ့ ကွမ်းရွက်ဈေးက ဒီနှစ်အတွင်းမှာ အမြင့်ဆုံးဈေးရနေတယ်လို့ ပြောလို့ရတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ပုသိမ်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်”ဟု ဟသ်ာတမြို့ ကွမ်းပွဲရုံလုပ်ငန်းရှင် ဦးထက်လင်းက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်း ဟသ်ာတမြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့်ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ကွမ်းခြံများအတွင်းသို့ ရေဝင်ရောက်သဖြင့် ကွမ်းခြံအချို့ပျက်စီးခဲ့ရကြောင်း၊ ထိုသို့ ပျက်စီးမှုကြောင့် ကွမ်းပင်များကို အသစ်ပြန်လည်စိုက်ပျိုးနေခြင်း၊ ကွမ်းခြံများ ပြန်လည်ပြုပြင်ရန်အတွက် ပြန်မစိုက်ဘဲ လုပ်ငန်းများယာယီရပ်နားထားခြင်း စသည့်အခြေအနေများကြောင့် ကွမ်းရွက်အထွက်နှုန်းနည်းသဖြင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ အဆိုပါဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများက နှစ်စဉ်ကွမ်းဧက ၇၀၀၀ ထိ စိုက်ပျိုးကြကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဘားအံမြို့နယ် ပျော်ရာကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကော့ကျိုက်ကျေးရွာအုပ်စု ပျော်ရာကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ပျော်ရာကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ပိုင် တွင်းတူးစက်ကြီးဖြင့် သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင်တည်ဆောက်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားသည်။

ပျော်ရာကုန်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံအခန်းဖွဲ့ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် အရှည်ပေ ၁၀၀၀ ရှိ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းဖြင့် ဌာနမှအင်ဂျင်နီယာစုဖွဲ့က ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။

ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၇ အိမ်၊ လူ ၁၈၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

**ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# လမစေ့ဘဲ ကလေးစောမွေးခြင်းအကြောင်း သိကောင်းစရာ

ပေါက်ပေါက်

နေ့မစေ့ လမစေ့မီ မီးဖွားမှုပြဿနာသည် ဖျမ်းမျှ မိခင်လောင်း ၁၀ ဦးလျှင် တစ်ဦးနှုန်းရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။ လမစေ့ခြင်းသည် ကမ္ဘာပေါ်တွင် ကလေးသူငယ်သေဆုံးမှု အများဆုံးအကြောင်းရင်း လည်းဖြစ်သည်။ ကိုယ်ဝန်ကာလ ၃၇ ပတ်ထက် စောမွေးသည့် ကလေးငယ်ကို "လမစေ့သောကလေး" ဟုခေါ်ပါသည်။

- ကိုယ်ဝန် ၃၂ ပတ်မှ ၃၇ ပတ်ကြား ကလေးမွေးခြင်းကို အသင့်အတင့်လမစေ့ခြင်း၊
- ကိုယ်ဝန် ၂၈ ပတ် မှ ၃၂ ပတ်ကြား ကလေး မွေးခြင်းကို အလွန်လမစေ့ခြင်း၊
- ကိုယ်ဝန် ၂၈ ပတ်အတွင်း စောမွေးခြင်းကို အလွန့်အလွန် လမစေ့ခြင်းဟု သတ်မှတ်သည်။

လမစေ့ဘဲမွေးဖွားသော ကလေးငယ်များသည် ခုခံနိုင်စွမ်းအား အလွန်ယုတ်လျော့နေသည့်အတွက် အထူးပြုစုစောင့်ရှောက်မှု လိုအပ်သည်။

နေ့မစေ့ လမစေ့မီ မီးဖွားနိုင်ခြေမြင့်မားသူ အမျိုးသမီးများတွင် မီးဖွားမှုအချိန်ကို ထိန်းထားနိုင်ရေးအတွက် Progesterone ခေါ် ဟော်မုန်းကုထုံးတစ်မျိုးကို ဆေးပညာရှင်များက အသုံးပြုတတ်ကြသည်။ သို့ရာတွင် အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Progesterone ကုထုံးသည် နေ့မစေ့လမစေ့မီ မီးဖွားမှုပြဿနာကို ကာကွယ်ရာတွင် အကျိုးသက်ရောက်မှု မရှိကြောင်း၊ အဆိုပါကုထုံးရယူသူ မိခင်လောင်း ၁၆၀၀ ကျော်ကို လေ့လာခဲ့ရာ ၂၄ ရာခိုင်နှုန်းသော အမျိုးသမီးများတွင် ကိုယ်ဝန်ကာလ သီတင်းပတ် ၃၅ ပတ်မပြည့်မီ မီးဖွားခဲ့ကြကြောင်း သုတေသီများက တွေ့ရှိထားသည်။

**လမစေ့ဘဲ ကလေးစောမွေးခြင်းအကြောင်း သိကောင်းစရာ**

လမစေ့ ပေါင်မပြည့်သော ရင်သွေးငယ် မွေးဖွားရသော အခြားအကြောင်းရင်းအမျိုးမျိုးရှိပါသည်။

- မိခင်နှင့်သက်ဆိုင်သော အကြောင်းရင်းများမှာ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါ၊ သွေးအားနည်းရောဂါ၊ ခုခံအားတန်ပြန်ရောဂါ၊ ရောဂါကူးစက်ခံရခြင်း၊ အရက်သောက်ခြင်း၊ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ တစ်ဆင့်ခံ စီးကရက်မီးခိုးငွေ့ရှူရှိုက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ညစ်ညမ်းသောလေထုကို ရှူရှိုက်ခြင်း။
- သားအိမ်နှင့်သက်ဆိုင်သော အကြောင်းရင်းများမှာ သားအိမ်နှင့်အချင်းသို့ သွေးထောက်ပံ့မှုနည်းခြင်း၊ အချင်းအနေအထား မမှန်ခြင်း၊ အချင်းစောကွာခြင်း။
- ကလေးနှင့်သက်ဆိုင်သော အကြောင်းရင်းများမှာ မွေးရာပါဗီဇချို့ယွင်းချက်များရှိခြင်း၊ အမွှာဖြစ်ခြင်း၊ ရောဂါကူးစက်ခံရခြင်း။
- လမစေ့ဘဲ ကလေးမွေးဖွားရသော အခြားအကြောင်းရင်းများမှာ အဆိပ်သင့်ခြင်းအမျိုးမျိုး။ ဥပမာ-ခဲဆိပ်သင့်ခြင်း၊ ပိုးသတ်ဆေးများ၊ မာကျူရီအဆိပ်သင့်ခြင်း၊ အာဆင်းနစ်အဆိပ်သင့်ခြင်း စသည်တို့ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းရင်းများက လမစေ့ဘဲ ကလေးမွေးဖွားခြင်းကို ဖြစ်စေနိုင်သည့်အပြင် ပြင်းထန်သောအခြေအနေ၌ သားပျက်သားလျှောခြင်းကို ဖြစ်စေတတ်ပါသည်။

ကလေးမွေးခါနီးပြီဖြစ်ကြောင်း ပြသသောလက္ခဏာများအနေဖြင့်

(က) ကလေးခေါင်းစိုက်လာခြင်း၊
(ခ) သားအိမ်ခေါင်းပွင့်ပြီးပျော့လာခြင်း၊
(ဂ) အဖြူဆင်းခြင်း၊ အချွဲဆင်းခြင်း၊
(ဃ) ဝမ်းပျော့ပျော့သွားခြင်း၊
(င) ဆီးစပ်ကိုက်ခြင်း၊
(စ) ခါးနာခြင်း၊
(ဆ) ရေမွှာရေဆင်းခြင်း စသည့်လက္ခဏာအများစုကို ဖြစ်ပေါ်လေ့ရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ သတိပြုကြရပါမည်။

**သက်ကြီးကိုယ်ဝန်ဆောင်များ သတိထား**

အသက် ၃၅ နှစ်ကျော်မှ ကိုယ်ဝန်ဆောင်မည်ဆိုလျှင် ကျန်းမာရေးပြဿနာများ ဖြစ်နိုင်ခြေများသည့်အတွက် ကိုယ်ဝန်မယူမီကပင် ကြိုတင်တိုင်ပင်ကာကွယ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် သက်ကြီးကိုယ်ဝန်ဆောင်များတွင်

(က) ကလေးရနိုင်ခြေနည်းခြင်း၊
(ခ) ကိုယ်ဝန်ပျက်ကျနိုင်ခြင်း၊
(ဂ) အမွှာမွေးနိုင်ခြေများခြင်း၊
(ဃ) မွေးရာပါချို့ယွင်းချက်များရှိသောကလေးများ မွေးဖွားနိုင်ခြေရှိခြင်း၊
(င) ကိုယ်ဝန်ဆောင်ဆီးချိုသွေးချိုနှင့် ကိုယ်ဝန်ဆိပ်တက်အခြေအနေ ဖြစ်နိုင်ခြေများခြင်း၊
(စ) ပေါင်မပြည့် လမစေ့သောကလေးမွေးခြင်း၊
(ဆ) မွေးဖွားရခက်ခဲခြင်း၊
(ဇ) ခွဲမွေးရခြင်း စသည့်အခြေအနေမျိုးတို့ ကြုံတွေ့ရနိုင်သည်။

**ကိုယ်ဝန်ပျက်ကျနိုင်ခြေရှိသော လက္ခဏာများ**

ကိုယ်ဝန်ပျက်ကျနိုင်ခြေ ရှိခြင်းဆိုသည်မှာ ကိုယ်ဝန်ပတ် ၂၀ (ငါးလ)မရောက်ခင် သွေးအနည်းငယ်ဆင်းပြီး ဗိုက်နာခြင်းကို ဖြစ်ပေါ်ခံစားရတတ်သည်။ ကိုယ်ဝန်ပျက်ကျနိုင်ခြေရှိသောအခါ အောက်ဖော်ပြပါ အချက်အလက်များအတိုင်း ပြုမူနေထိုင်သင့်ကြောင်း ကျွမ်းကျင်သူများက အကြံပေးထားကြသည်။

- စိတ်ဖိစီးမှုလျှော့ချပြီး စိတ်ရောကိုယ်ပါ အနားယူပါ။
- ဖြစ်နိုင်လျှင် အိပ်ရာပေါ်တွင်သာ သက်သောင့်သက်သာနားနေပါ။
- ပင်ပန်းအားစိုက်ရသော အလုပ်များရှောင်ပါ။
- လိင်ဆက်ဆံခြင်း ရှောင်ကြဉ်ပါ။
- လိင်အင်္ဂါအတွင်း မည်သည့်အရာမှ မထိုးသွင်းပါနှင့်။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ပါ။
- အာဟာရပြည့်ဝအောင် စားသောက်ပါ။
- အရက်၊ ဆေးလိပ် ရှောင်ကြဉ်ပါ။
- ရောဂါပိုးကူးစက်ခံရမှုမရှိအောင် ကာကွယ်ပါ၊ လက်ဆေးပါ၊ လက်သန့်ဆေးရည် အသုံးပြုပါ၊ နေမကောင်းသူများနှင့် အနီးကပ်မနေပါနှင့်။
- ရောဂါအခံရှိပါက သေသေချာချာကုသပါ။ (ဥပမာ-သွေးတိုးရောဂါ၊ ဆီးချိုရောဂါ)

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတိပေးချက်**

လမစေ့ အချိန်မစေ့ဘဲ ကလေးမွေးဖွားခြင်းသည် ပြည်သူ့ကျန်းမာရေးအတွက် အရေးတကြီး ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း ခန့်မှန်းခြေ ကလေး ၁၅ သန်းခန့်သည် လမစေ့ဘဲ မွေးဖွားလာကြပြီး ကလေးဦးရေသန်း ၂၀ ကျော်သည် မွေးကင်းစကိုယ်အလေးချိန်နည်းပါး (ပေါင်မပြည့်)ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ အရေအတွက်သည် မြင့်မားနေပြီး ယခုအချိန်တွင် လမစေ့ ပေါင်မပြည့်ဘဲ မွေးဖွားလာခြင်းသည် အသက်ငါးနှစ်အောက် ကလေးငယ်များသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။



၎င်းတို့မွေးဖွားသည့် နေရာဒေသပေါ် မူတည်၍ လမစေ့ဘဲကလေးရှင်သန်နိုင်ခြေ သိသိသာသာကွာဟမှုများရှိနေကြောင်း၊ ဝင်ငွေမြင့်မားသော နိုင်ငံများတွင် ၂၈ ပတ်အတွင်း သို့မဟုတ် မွေးဖွားပြီးနောက်တွင် အများစုသည် ဆက်လက်ရှင်သန်နေသော်လည်း ဆင်းရဲသောနိုင်ငံများ၌ အသက်ရှင်သန်နှုန်းမှာ ၁၀ ရာခိုင်နှုန်းထိ နည်းပါးနေကြောင်း WHO က ဆိုသည်။

လမစေ့ဘဲမွေးဖွားသည့် ကလေးများသည် ခန္ဓာကိုယ်အဆီမရှိခြင်းကြောင့် မွေးဖွားလာချိန်တွင် ၎င်းတို့၏ ကိုယ်ပိုင်အပူချိန်ကိုထိန်းညှိရာ၌ ပြဿနာရှိကြပြီး အသက်ရှူခြင်းအတွက် ဆေးဝါးအကူအညီများ မကြာခဏလိုအပ်နေပါသည်။ ယခင်က လမစေ့ဘဲ မွေးသည့် ကလေးငယ်ကို သုံးရက်မှ ခုနစ်ရက်အတွင်း မီးခိုးပေါက် သို့မဟုတ် ပူနွေးသောနေရာတွင် တည်ငြိမ်အောင်ထားခြင်းဖြင့် ကနဦးကုသကြသော်လည်း သားပိုက်ကောင် မိခင်ပြုစုစောင့်ရှောက်နည်း (Kangaroo care) သည် ပို၍ကောင်းမွန်ကြောင်း သုတေသနရလဒ်များက ဖော်ပြထားသည်။

**သားပိုက်ကောင် မိခင်ပြုစုစောင့်ရှောက်နည်း (Kangaroo care)**

သားပိုက်ကောင်ကဲ့သို့ ထွေးပိုက်ခြင်းက ရင်သွေးငယ်ကို အသက်ရှည်စေနိုင်ပါသည်။ ကိုယ်ဝန်ဆောင်ခြင်းသည် ပုံမှန်အားဖြင့် ရက်သတ္တပတ် ၄၀ ခန့်ကြာလေ့ရှိသော်လည်း ကိုယ်ဝန်သက် ရက်သတ္တပတ် ၃၇ ပတ်ဖြင့် လမစေ့ဘဲမွေးဖွားသော ကလေးငယ်သည် မွေးဖွားပြီးစ သီတင်းပတ်များ၌ နှလုံးနှင့် အသက်ရှူရာတွင် ခက်ခဲမှုရှိခြင်း၊ အစာခြေဖျက်ရာတွင် အခက်အခဲရှိခြင်း၊ အမြင်အား သို့မဟုတ် အကြားအာရုံ ထိခိုက်မှုရှိခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းတတ်ခြင်း၊ ကာယကျန်းမာမှုအားနည်းခြင်း စသည့်အခက်အခဲများစွာ ခံစားရနိုင်ပါသည်။

ထို့ပြင် လမစေ့ဘဲမွေးဖွားလာသောကလေး အရွယ်ရောက်လာချိန်တွင် ၎င်းနှင့်သက်တူရွယ်တူ နေ့စေ့လစေ့ မွေးဖွားသည့် အခြားကလေးများထက်ပို၍ ကြွက်သားအားနည်းတတ်ခြင်း၊ လူမှုဆက်ဆံရေးနှင့် အမူအကျင့်များတွင် ပြဿနာရှိခြင်းတို့ကိုပါ ကြုံတွေ့ရလေ့ရှိပါသည်။ အကယ်၍ နေ့စေ့လစေ့ရန်အတွက် ရက်အနည်းငယ်မျှသာ လိုအပ်သောအချိန်တွင် မွေးဖွားသူပင်လျှင် ကိုယ်အလေးချိန်မပြည့်မှု အနည်းငယ်ဖြစ်တတ်ကြောင်းကို ဖင်လန်နိုင်ငံ အမျိုးသားကျန်းမာရေးသိပ္ပံနှင့် အောလူတက္ကသိုလ်မှ ဒေါက်တာ မာဂျားနာတီကန်မာကီက အကြံပြုထားပါသည်။

မာတာမိခင်၏ အထိအတွေ့ထဲတွင် နွေးထွေးလုံခြုံမှုနှင့်အတူ ချစ်ခြင်းမေတ္တာအငွေ့အသက်များ သယ်ဆောင်လာခြင်းကို ရင်သွေးငယ်လေးများက အလိုလိုသိရှိခံစားနိုင်စွမ်းရှိကြသည်။ ထို့ကြောင့် ဆေးသုတေသီများက "မိမိရင်သွေးကို ကျန်းမာသက်ရှည်နေစေချင်တယ်ဆိုရင် သားပိုက်ကောင်ကဲ့သို့ ထွေးပိုက်ပေးပါ" ဟု တိုက်တွန်းလေ့ရှိသည်။ အဆိုပါကုထုံးကို ဆေးသိပ္ပံနည်းအရ "Kangaroo care (or) Skin-to-Skin Contact"ဟုခေါ်သည်။ အထူးသဖြင့် ပေါင်မပြည့်သည့် မွေးကင်းစ ရင်သွေးငယ်လေးများကို မိခင်၏ ချစ်ခြင်းမေတ္တာနှင့်အတူ ခန္ဓာကိုယ်၏အနွေးဓာတ်ဖြင့် ထွေးပိုက်ပေးခြင်းက ၎င်းကလေးငယ်ကို ပေါင်ချိန်တက်လာစေပြီး စောစောစီးစီး သေလွန်ခြင်းကိုလည်း မဖြစ်စေနိုင်တော့ပေ။

ယနေ့ ကမ္ဘာပေါ်တွင် မွေးရာပါကိုယ်အလေးချိန် ပေါင်မပြည့်သည့်ပြဿနာကြောင့် ကလေးငယ်လေးသန်းခန့် နှစ်စဉ်သေဆုံးနေကြရသည်။ ထိုကဲ့သို့ ပေါင်ချိန်မပြည့်သော ကလေးများအတွက် Incubators ခေါ် လမစေ့ခင်မွေးဖွားသည့် ကလေးပြုစုရန် ကိရိယာတစ်မျိုးကို အသုံးပြု၍ ကလေးငယ်ကိုစောင့်ရှောက်မှုလုပ်ပေးနိုင်သော်လည်း ၎င်း Incubators ကို ဖွံ့ဖြိုးစနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံများတွင် ယနေ့ထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ခြင်းငှာ မတတ်နိုင်ကြသေးပေ။ ထို့ကြောင့် ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် မိမိရင်သွေးကို သားပိုက်ကောင်ကဲ့သို့ ထွေးပိုက်နည်းသည်သာ အထိရောက်ဆုံးနှင့် အကောင်းမွန်ဆုံးဖြေရှင်းနိုင်ကြောင်းကို Harvard University and Boston Children's Hospital မှ စိတ်အာရုံခံနိုင်စွမ်းရည် ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ ခရေ့စ်ချန်းက အကြံပြုထားသည်။

အဆိုပါ Skin-to-Skin Contact စမ်းသပ်မှုကို ဒေါက်တာ ခရေ့စ်ချန်းနှင့် သုတေသီအဖွဲ့က ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်ထိ ၁၄ နှစ်တာအတွင်းမှာ မွေးကင်းစပေါင်ချိန်မပြည့်သော ကလေးငယ် ၁၂၄ ဦးတို့ကို လေ့လာဆန်းစစ်ခဲ့ခြင်းမှ အဖြေထွက်ရှိလာသည့် ရလဒ်ကောင်းဖြစ်ပါသည်။ ၎င်း Kangaroo care သဘာဝကုထုံးနည်းသည် ပေါင်မပြည့်သော ရင်သွေးငယ်များ ဖိတ်စဉ်သေပျောက်နှုန်းကို ၄၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ပါသည်။ ထို့ပြင် ၎င်းနည်းကို လုံးဝအသုံးပြုမခံရသည့် ကလေးငယ်များနှင့် မိခင်၏ထွေးပိုက်ခြင်းကိုခံရသည့် ရင်သွေးငယ်များကိုနှိုင်းယှဉ်ကြည့်ရာ Kangaroo care ကုထုံးကိုခံယူရသော ရင်သွေးများမှာ ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်နေသော အောက်ဆီဂျင်ပမာဏကို မြင့်တင်ပေးနိုင်သည့်အပြင် နာကျင်မှုဝေဒနာတို့ကိုလည်း မခံစားရနိုင်ပေ။

ထို့ကြောင့် မွေးရာပါ ပေါင်မပြည့်သောရင်သွေးကို အသက်ရှည်စေရန်အတွက် မိခင်နို့ဦးရည်ကို တိုက်ကျွေး၍ သားပိုက်ကောင်ကဲ့သို့ ထွေးပွေ့ပေးကြရမည် ဖြစ်ပါသည်။

# ပညာရေးစုံညီပွဲတော်နှင့် မြန်မာ့ပညာရေး

ညွန့်ဝင်း(နတ်တလင်း)

အခြေခံပညာကျောင်းများ၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်မှစ၍ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဟူ၍ အဆင့်အလိုက် သတ်မှတ်ကျင်းပလျက်ရှိသည်။ ပညာရေးစုံညီပွဲတော်ဆိုသည်မှာ ဆရာ၊ မိဘ၊ ကျောင်းသား စုံညီစွာပူးပေါင်းဆင်နွှဲသော ပညာရေးပွဲတော်ဖြစ်သည်။

ဆရာ၊ မိဘ၊ ကျောင်းသားတို့သည် ပညာရေးတြိဂံတွင် ညီညွတ်မျှတစွာ ရှိနေရမည့် အနားများဖြစ်သည်။ ပညာရေးစုံညီပွဲတော်ကျင်းပခြင်းဖြင့် ဆရာ၊ မိဘ၊ ကျောင်းသား ပိုမိုစည်းလုံးညီညွတ်မှုရရှိစေပြီး ဟန်ချက်ပိုမိုညီညွတ်သော လှုပ်ရှားမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ပညာရေးစုံညီပွဲတော် ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ မြို့နယ်နှင့် ကျောင်းအသီးသီးသို့ ပြပွဲပြိုင်ပွဲအသုံးစရိတ်များ ခွင့်ပြုခဲ့သည်။ ရရှိသောအသုံးစရိတ်များကို အဆင့်ဆင့်သောပညာရေးဝန်ထမ်းများ (တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ)က အကျိုးရှိအောင် စီမံကွပ်ကဲဆောင်ရွက်လျက်ရှိသည်။

ပညာရေးစုံညီပွဲတော်ကျင်းပရေး ရည်ရွယ်ချက် (၄) ရပ်ကို အောက်ပါအတိုင်း ချမှတ်ထားသည်။

(၁) ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ကျောင်း၏တိုးတက်ဖြစ်ပေါ်မှုများ၊ အောင်မြင်မှုများကို မိဘပြည်သူများအား အသိပေးရန်။

(၂) မိဘ၊ ဆရာ၊ ကျောင်းသား ပိုမိုရင်းနှီးပြီး ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းပါဝင်မှု ပိုမိုမြင့်မားလာစေရန်။

(၃) မိဘပြည်သူများက ကျောင်းအပေါ် ပိုမိုစိတ်ဝင်စားမှု၊ စေတနာထားလာမှုတို့ဖြင့် ကျောင်းသံယောဇဉ် ပိုမိုတိုးမြင့်လာစေရန်။

(၄) မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းမှုဖြင့် ပညာရေးအကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအောင်မြင်လာစေရန်တို့ဖြစ်သည်။

ပညာရေးစုံညီပွဲတော်ကို ကျင်းပဆောင်ရွက်ကြရာတွင် ဆရာ၊ မိဘ၊ ကျောင်းသား တွေ့ဆုံရုံသက်သက်မဟုတ်ပေ။ ပညာသင်နှစ်အတွင်း ကာယ၊ ဉာဏ ထူးချွန်သော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခြင်းလည်းပါဝင်သည်။ ပညာရေးစုံညီပွဲတော်တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာလက်ရာများကို တွေ့မြင်ခံစားခွင့်ရပါသည်။ ဘက်စုံပညာရေးကို ဖွံ့ဖြိုးတိုးတက်စေသော တီထွင်ဖန်တီးမှုပြခန်းများ၊ အဆို၊ အကများကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ တင်ဆက်ပြသကြသည်။ ကာယဖွံ့ဖြိုးမှုအတွက် အားကစားပြိုင်ပွဲများကျင်းပ၍ ကျောင်းသား၊ ကျောင်းသူများ၏ ဖွဲ့၊ လှုံ့လ၊ ပျော်ရွှင်မှု၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးရပါသည်။ ပညာရေးစုံညီပွဲတော်၏ အနှစ်သာရသည် သာမန်ပျော်ပွဲရွှင်ပွဲသက်သက်သဘောမျိုးမဟုတ်ဘဲ ဘက်စုံပညာရေးကိုဖော်ဆောင်သည့် အစီအစဉ်အထောက်အပံ့ကောင်းဖြစ်သည်။

မြန်မာ့ပညာရေးစနစ်သည် ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့်ပညာရေးစနစ်ဖြစ်သည်။ ဘက်စုံပညာရေးစနစ်တွင် မည်သည်တို့ပါဝင်သနည်း။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးဟူသော ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးသောစနစ်ဖြစ်သည်။ ကဏ္ဍစုံကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ ခေတ်နှင့်အညီ ပညာရေးစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူသားအရင်းအမြစ်များ ထွန်းကားလာမည်ဖြစ်သည်။

ပညာရေးသည် စာသင်ရုံသက်သက်မဟုတ်သည်ကို မိဘ၊ ဆရာ၊ ကျောင်းသား အားလုံးသိနားလည်ထားရမည်ဖြစ်သည်။ ပညာဟူသည်မှာ အမှားအမှန်ခွဲခြားနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ လက်တွေ့အသုံးပြုနိုင်စွမ်းရှိခြင်းကိုခေါ်သည်။ ကြက်တူရွေးကျက် (Parrot Learning) လုပ်နိုင်ရုံနှင့်မရ။ ကိုယ်ပိုင်တွေးခေါ်၍ တီထွင်ဖန်တီးနိုင်စွမ်း (Critical Thinking and Creation) ရှိရမည်။ ထိုအဆင့်ထိရောက်အောင် သင်ကြားလေ့ကျင့်ပေးရမည်။ ကျောင်းသား၊ ကျောင်းသူများကလည်း ကိုယ်တိုင်အသုံးပြုနိုင်စွမ်းရှိသည်ထိ သင်ယူလေ့ကျင့်ရပေမည်။

**❖ ပညာရေးစုံညီပွဲတော်ကျင်းပခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်း၊ နည်းလမ်းကောင်းများ ဖန်တီးဆောင်ကြဉ်းပေးခြင်းဖြစ်သည်။ လူငယ်သည် နပျိုဖျတ်လတ်သည်။ သင်ယူနိုင်စွမ်း အားကောင်းသည်။ စူးစမ်းလေ့လာလိုစိတ်ရှိသည်။ ထိုသို့သော လူငယ်ကျောင်းသားများကို မှန်ကန်စွာတွေးခေါ်ဆောင်ရွက်နိုင်သော ပညာများရရှိအောင် ဆရာ၊ မိဘပြည်သူတစ်ရပ်လုံးက လမ်းပြသင်ကြားပေးရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံ့တာဝန်များကို လက်လွှဲယူနိုင်ပြီး ကောင်းမွန်စွာဦးဆောင်ကြိုးပမ်းနိုင်သော မျိုးဆက်သစ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရပေလိမ့်မည်ဖြစ်သည်။ ❖**

ပညာရေးစုံညီပွဲတော်တွင် မိဘ၊ ဆရာတို့တွေ့ဆုံ၍ ပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးဖန်တီးနိုင်မည်ဖြစ်သည်။ အတတ်ပညာများကို ကျောင်းတက်ခြင်း၊ ပညာသင်ယူရုံနှင့်မလုံလောက်ပေ။ ကျောင်းသား၊ ကျောင်းသူများသည် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ရမည်။ ပညာတော်ပြီး ကိုယ်ကာယပိန်လှီချည့်နဲ့နေ၍ မဖြစ်၊ ကိုယ်ကာယသန်မာဖွံ့ဖြိုးပြီး ပညာဉာဏ်နည်းပါး၍ မဖြစ်ပေ။ ကာယဗလနှင့် ဉာဏဗလပြည့်စုံနေရုံမျှနှင့်လည်း မပြီးသေးပေ။

ပညာရေးရည်ရွယ်ချက်သည် လူတော်လူကောင်းဖြစ်လာရေးထိ ရည်ရွယ်သည်။ အတတ်ပညာများတတ်ကျွမ်းတော်မွန်နေရုံမျှနှင့် မပြီးသေး။ လူကောင်းတစ်ယောက်ဖြစ်လာရန်၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်သည်။ တစ်ဖန် လူဟူသည် တစ်ဦးတစ်ယောက်တည်းနေထိုင်၍မရဘဲ အသင်းအဖွဲ့ဖြင့် စုပေါင်းနေထိုင်ရသည်ဖြစ်ရာ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု မိတ္တဗလနှင့် ပြည့်စုံအောင် ကြိုးစားလေ့ကျင့်ရန်လိုအပ်သည်။ ရှေ့ဗလလေးတန်နှင့် ညီညွတ်အောင် ကြိုးစားနိုင်သူသည် ကြွယ်ဝပြည့်စုံမှု ဘောဂဗလနှင့်လည်းပြည့်စုံလာပေမည်။ ထိုသို့ ပြည့်စုံသော လူ့ဘောင်အသိုင်းအဝိုင်းကို တည်ဆောက်နိုင်ပြီဆိုလျှင် ဖွံ့ဖြိုးတိုးတက်၍ သာယာသောလူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ယနေ့လူငယ်များသည် စာဖတ်အား နည်းလာကြသည်။ လက်တွေ့လေ့လာမှုလည်း အားနည်းသည်။ ထို့ကြောင့် အတတ်ပညာ၊ အသိပညာ အားနည်းလာသည်။ အတတ်ပညာပိုင်းတွင် တော်သည်ဆိုဦးအံ့၊ အသိပညာပိုင်းတွင် အားနည်းသဖြင့် ကိုယ်ပိုင်စဉ်းစားတွေးခေါ်နိုင်စွမ်း လျော့နည်းလာသည်။ ထိုအခါ အမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်စွမ်း (ပညာ) အားနည်းလာသည်။ အမှား၊ အမှန်ခွဲခြားနိုင်စွမ်း အားနည်းသူသည် အမှားကိုအမှန်ထင်၊ အမှန်ကို အမှားထင်၍ လွဲမှားသောအတွေး၊ လွဲမှားသော လုပ်ဆောင်ချက်တို့ကို တွေးမိလုပ်မိကြသည်။ အသိပညာရှိပါမှ အလိမ္မာရှိပါသည်။ အလိမ္မာရှိပါမှ မှန်ကန်စွာတွေးခေါ်ဆောင်ရွက်နိုင်သည်။ အသိပညာအလိမ္မာရှိသူသည် ဆရာ၊ ဆရာမ၏ သွန်သင်ဆုံးမမှုကို ခံယူသည်။ မိဘ၏သွန်သင်ဆုံးမမှုကို နားထောင်သည်။ ဆရာမိဘ ညွှန်ပြသည့်အတိုင်း လိုက်နာဆောင်ရွက်သည်။ ထိုသူသည် ဘဝလမ်းတစ်လျှောက် အမှားပြုမိခြင်းနည်းပါးပြီး အမှန်လမ်းကြောင်းပေါ်တွင်သာ တည့်တည့်မတ်မတ်လျှောက်လှမ်းနိုင်သည်။

ယနေ့ ပညာရေးသည် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် ပညာရေးဖြစ်သည်။ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ယဉ်ကျေးမှုခေါင်းပါးသည့် ရိုင်းစိုင်းသောအပြောအဆို၊ အပြုအမူများ၊ အမှန်နှင့်သွေဖည်သည့်အတွေးအခေါ်မှားများ မဖြစ်အောင် မိဘ၊ ဆရာတို့က ဝိုင်းဝန်းပြင်ဆင်တည့်မတ်ပေးကြရပေမည်။ မိုက်မဲမှုမှန်သမျှသည် ပညာ၏ဆန့်ကျင်ဘက်များသာဖြစ်ကြောင်း ကျောင်းသားလူငယ်ထုတွင်း သိရှိအောင် ကြိုးပမ်းကြရပေမည်။

ပညာရေးစုံညီပွဲတော် ကျင်းပခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်း၊ နည်းလမ်းကောင်းများ ဖန်တီးဆောင်ကြဉ်းပေးခြင်းဖြစ်သည်။ လူငယ်သည် နပျိုဖျတ်လတ်သည်။ သင်ယူနိုင်စွမ်း အားကောင်းသည်။ စူးစမ်းလေ့လာလိုစိတ်ရှိသည်။ ထိုသို့သော လူငယ်ကျောင်းသားများကို မှန်ကန်စွာတွေးခေါ်ဆောင်ရွက်နိုင်သော ပညာများရရှိအောင် ဆရာ၊ မိဘပြည်သူတစ်ရပ်လုံးက လမ်းပြသင်ကြားပေးရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံ့တာဝန်များကို လက်လွှဲယူနိုင်ပြီး ကောင်းမွန်စွာ ဦးဆောင်ကြိုးပမ်းနိုင်သော မျိုးဆက်သစ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရပေလိမ့်မည်ဖြစ်သည်။ တပည့်မှားနေလျှင် ဆရာကပြုပြင်ပေးရန် တာဝန်ရှိပြီး သားသမီးမှားနေလျှင် မိဘကပြုပြင်ပေးရန် တာဝန်ရှိသည်။ အမှားသည် မည်မျှပင်ကြာညောင်းစေကာမူ အမှန်မဖြစ်နိုင်ကြောင်း၊ အမှန်၏ဇာစ်မြစ်ကို ပညာဖြင့်သာ ဖော်ထုတ်နိုင်ကြောင်း သွန်သင်ညွှန်ပြကြရပေမည်ဖြစ်သည်။

စာရေးသူ၏ တွေ့မြင်သုံးသပ်ချက်ကို ဖော်ပြရလျှင် ပညာရေးစုံညီပွဲတော်သို့ လာရောက်ကြသော မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမပညာရေးဝန်ထမ်းများတွင် ကောင်းသောလက္ခဏာများကို တွေ့ရသည်။ ထိုလက္ခဏာများမှာ ပညာကို ကောင်းစွာဖြန့်ဖြူးလိုခြင်း၊ သင်ယူလိုခြင်း၊ အေးချမ်းပျော်ရွှင်မှုကို လိုလားနှစ်ခြိုက်ခြင်း၊ အတူတကွ မျှတကြည်ဖြူစွာ ပေါင်းသင်းဆက်ဆံလိုခြင်း၊ ရိုးသားကြိုးစားမှုကို ပြသလိုခြင်း၊ ကောင်းသောယှဉ်ပြိုင်ခြင်းကိုသာ လိုလားခြင်း စသောလက္ခဏာများဖြစ်သည်။

ယခင်နှစ်က ကျောင်းဖွင့်ကာလ တိုတောင်းခဲ့သဖြင့် ပညာရေးစုံညီပွဲတော် မကျင်းပဖြစ်ခဲ့ပေ။ ယခုနှစ်တွင် အချိန်အခါအခွင့်ကောင်းများရရှိ၍ စဉ်လာမပျက် ပြန်လည်ကျင်းပနိုင်ပြီဖြစ်သည်။ စာရေးသူ၏ ကျောင်းတွင် ပညာရေးစုံညီပွဲတော်ကို ရှိသည့်အင်အားနှင့် အတတ်နိုင်ဆုံးကြိုးစားကျင်းပခဲ့ရာ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိဘပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုံလင်စွာတက်ရောက်ကြသည်။ ကလေးများ၏ကြိုးစားယှဉ်ပြိုင်မှု၊ ထူးချွန်ထက်မြက်မှု၊ မိဘပြည်သူများ၏ အားပေးမှုကို တွေ့ရသောအခါ အထူးဝမ်းသာပီတိဖြစ်ရသည်။ ကျောင်းသား၊ ကျောင်းသူများ၏ တက်ကြွဖျတ်လတ်မှု၊ ဆရာ၊ ဆရာမများ၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ မိဘပြည်သူများ၏ စိတ်ဝင်တစားပါဝင်မှုတို့သည် အားတက်စရာဖြစ်ရပါသည်။ ထို့ကြောင့် အစဉ်အလာကောင်းသော၊ ရလဒ်ကောင်းသော ပညာရေးစုံညီပွဲတော်များကို နှစ်စဉ်နှစ်ဆက်ကျင်းပ၍ မြန်မာ့ပညာရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်အောင် အားသစ်များဆက်လက်မွေးကြပါစို့ဟု နှိုးဆော်ရေးသားလိုက်ရပေသည်။

## တောင်ငူမြို့နယ်တွင် ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ငူ ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးကောင်းကျေးရွာအုပ်စု မိုးကောင်း (ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၇၅ သန်းဖြင့် ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုးကောင်း(ရွာသစ်)ကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ မိုးကောင်း(ရွာသစ်)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများအနက်မှ ငွေကျပ် ၉ ဒသမ ၇၅ သန်းအသုံးပြုပြီး ကျေးရွာနေပြည်သူတို့၏ လုပ်အားထည့်ဝင်မှုဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးထံမှ သိရသည်။

**ကိုလှိုင်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၄-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁-၂၀၂၃ ရက်နေ့မှ ၂၈-၂-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊ထထ-၃၂ အိမ်အမှတ်(၅၂)နေ ကျွန်မ ဒေါ်ခင်မာမိုး ၏သားဖြစ်သူ **မောင်ကျော်ထက်(၉/ပကခ(နိုင်)၀၄၅၉၄၆)**သည် မိခင်အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ဆွေမျိုးသားချင်းများ အပေါ် စိတ်ဒုက္ခရောက်အောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်ကျော်ထက် နှင့် ကျွန်မတို့မိသားစု၊ ဆွေမျိုးသားချင်းများနှင့်လည်း လုံးဝမသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀၀အား လုံး၀တာ၀န်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်မာမိုး(၉/မနတ(နိုင်)၀၆၆၇၈၅)**

ရောဂါ-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ အမှတ်စဉ်(၄)မှာလည်း **တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း အလေးအနက်ထားလုပ်ဆောင်သွားမည်** ဆိုတဲ့အချက်ကို အတိအလင်းထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင် တစ်တိုင်ကို ဖောက်ခွဲဖျက်ဆီးမှုအခြေအနေ သတင်းထုတ်ပြန်




၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်တစ်တိုင် ပြိုလဲနေသည့်မှတ်တမ်းဓာတ်ပုံ။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၂ ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကို အခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်တွင် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထွက်ရှိသည့်

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

**အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ ၁၃ ခုနှင့် ရုံးသုံးပစ္စည်းများပျက်စီးဆုံးရှုံးခဲ့ရ** စာမျက်နှာ - ၂၁

**သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်းသံကူကွန်ကရစ်တံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး** စာမျက်နှာ - ၁၉

**ထူးခြားသည့် ညအပူချိန်များ**

၂၂-၁-၂၀၂၃

| | | |
|---|---|---|
| နမ့်စန် | -၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၁ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၂ | ဒီဂရီစင်တီဂရိတ် |

